The Agribiz News
လယ်ယာ စီးပွားသတင်း
www.agribiznews.com.mm
e-Paper-0035
၂၀၂၅ ခုနှစ် ဇွန် ၁၅ ရက်





# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

နေပြည်တော် ၊ ဇွန် ၆

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးစုဝေးဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ ၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနများမှ တိုင်းဒေသကြီး ပြည်နယ် ဦးစီးဌာနမှူးများ၊ တက်ရောက်ကြပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမှာစကား ပြောကြားရာ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတိုးတက်အောင်မြင်ရေး စီမံဆောင်ရွက်ရာတွင် စားရေရိက္ခာဖူလုံရေးသာမက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေး လုပ်ငန်းများနှင့် နိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအတွက် အထောက် အပံ့ဖြစ်စေရန် လယ်ယာကုန်ထုတ်လုပ်ငန်းများမှ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်ရာဖွေ ပေးနိုင်ရေး ကြိုးပမ်းကြရန်လိုအပ်လျက်ရှိကြောင်း၊

စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ဒေသအလိုက် လျာထားဧကပြည့် စိုက်ပျိုးရန် နှင့် စိုက်ဧရိယာအားလုံး ပန်းတိုင်အထွက်ရရှိရေး စနစ်တကျကြပ်မတ် ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ မွေးမြူရေးကဏ္ဍတွင်လည်း သတ်မှတ် တိရစ္ဆာန်ကောင်ရေ အပြည့်အဝ မွေးမြူ လုပ်ကိုင်ရေး နှင့် ဖြစ်ထွန်းအောင်မြင်မှုရှိအောင် စီမံဆောင်ရွက်ပြီး ဒေသအလိုက် အသား စားသုံးမှုလိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ အလားတူ ငါးလုပ်ငန်းတွင်လည်း ပြည်ပပို့ကုန်များ တိုးတက်ထုတ်လုပ်ပြီး နိုင်ငံ့ဝင်ငွေတိုးတက်ရာဖွေနိုင်ရေး လမ်းညွှန်မှုပြုထားပါကြောင်း၊

အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် တောင်သူကိုယ်တိုင် အပြည့်အဝပူးပေါင်း ဆောင်ရွက်လာကြစေရန်လိုအပ်သဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက အုပ်ချုပ်ရေး နည်းလမ်း စည်းရုံးရေးနည်းလမ်းများဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ရန် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါကြောင်း။ ဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းသုံးသပ်၍ လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ပြီး သီးနှံစတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းသိုလှောင်သည်အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်နိုင်ကြစေရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်နှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသအလိုက် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ လျာထားချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးများ က လုပ်ငန်းရပ်တစ်ခုချင်းအပေါ် သုံးသပ် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

MOALI

မြန်မာ့နာနတ်သီး ဈေးကွက်အလားအလာ....
စာ-၁၁

တိုင်းရင်းကြက် မွေးမြူရေး တွန်းအားပေး.....
စာ-၁၆

# မျိုး၊ မြေ၊ ရေ၊ နည်း ဆိုင်ရာ သုတေသနလုပ်ငန်းများ အားပေးမြှင့်တင်

**မျိုး** မြေ၊ ရေ၊ နည်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးခြင်းကို ဇွန်လ ဒုတိယပတ်က နေပြည်တော်ရေးဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန တိုင်းဒေသကြီး ပြည်နယ်မှူးများ၊ ဒေသသုတေသနခြံ တာဝန်ခံများ၊ သုတေသီ ပညာရှင်များ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်သည့် သုတေသနလုပ်ငန်းများ၊ သီးနှံမျိုးရွေးချယ်ခြင်း၊ မျိုးကူးစပ်မွေးမြူခြင်း လုပ်ငန်းများတွင် တောင်သူများ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်ရန် မိမိတို့ဝန်ကြီးဌာနက တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသော နည်းပညာ နှီးနှော ဖလှယ်ပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများတွင် တောင်သူများကိုယ်တိုင်ပါဝင်ဆွေးနွေးစေပြီး ယင်းတို့၏ အကြံပြု တင်ပြချက်များအပေါ် အလေးဂရုပြုသုံးသပ်ပြီး လိုအပ်ချက်များ ထိရောက်စွာကူညီဖြေရှင်း ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊

တစ်ချိန်တည်းတစ်ပြိုင်တည်းတွင် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ပြီး မျိုး၊မြေ၊ရေ၊ နည်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ တိုးပွားလာစေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

ဒေသအလိုက် သီးထပ်စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံပုံစံနှင့် သီးနှံစိုက်စနစ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအပေါ် ရင်ဆိုင်ကျော်လွှားနိုင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်စူးစမ်းလေ့လာဖော်ထုတ်ပေးရန်လိုအပ်ကြောင်း၊

သုတေသီများအား အဓိကမှာကြားလိုသည်မှာ သုတေသနပြုရရှိလာသည့် ရလဒ်ကောင်းများ တောင်သူများ လက်ဝယ်ရောက်ရှိအသုံးပြုနိုင်ရေးနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မျိုးစပ်ထုတ်လုပ်ထားသည့် အောင်နိုင်တိုးစပါးမျိုး၊ ရေဆင်းပေါ်ဆန်း(၁)၊ ရေဆင်းပေါ်ဆန်း(၂)မျိုးများစိုက်ပျိုးသူလက်ဝယ်သို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိရန် ဆက်စပ်ဌာနများ၊ လုပ်ငန်းရှင်များ၊ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းကာ အင်တိုက် အားတိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊

တောင်တန်းဒေသများကို ကိုယ်စားပြုသည့် သုတေသနများ ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးရေးသုတေသနခြံများ၊စိုက်ပျိုးရေးဦးစီးဌာနခြံများနှင့်မြို့နယ်အသီးသီး တွင်ဆင်းရွှေကြာ-၂ ကို Recurrent Mass Selection ဆောင်ရွက်ရန် လိုအပ်ပြီး ဝါသီးနှံ စိုက်ပျိုးရေးအတွက် အားလုံးပါဝင်သော မျိုးစေ့ထုတ်လုပ်ရေး၊ မျိုးစေ့နည်းပညာ ၊ အပင်ဦးရေနှင့် အပင်ရှယ်အစား ထိန်းညှိခြင်း သုတေသနများ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အလားအလာ ကောင်းသည့်ဝါမျိုးလိုင်းများအား ဆက်လက်ဆောင်ရွက်ရမည့်လေ့လာမှုများပြုလုပ်၍ မျိုးသစ်ထွက်ပေါ်လာရေးဆောင်ရွက်သွားစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တိုင်းဒေသကြီး ပြည်နယ်မှူးများ၊ ဒေသသုတေသနခြံ တာဝန်ခံများ၏ လုပ်ငန်းဆောင်ရွက်ချက်တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI



# Earthstar မှိုရာသီ ရောက်ရှိပြီး ဈေးနှုန်းမြင့်တက်



**ရာ**သီမှိုတစ်မျိုးဖြစ်သည့် earthstar မှိုသည် ယခုအခါ ဈေးကွက်တွင် ရရှိနိုင်ပြီး လူကြိုက်များသော အစားအစာတစ်ခုဖြစ်ပြီး ရာသီအစပိုင်းကာလ ဈေးနှုန်းမြင့်တက်လာကြောင်း ရောင်းချသူများ ထံမှ သိရှိရ ပါသည်။ ဈေးနှုန်းမှာ ၁ ပိဿာလျှင် ကျပ် ၁၀၀,၀၀၀ ကျော်ရှိသည်။

ရာသီအစပိုင်းကာလဖြစ်သဖြင့် earthstar မှိုများသည် နူချိုလတ်ဆတ်ပြီး နူးညံ့သည့် အရသာကို ပေးစွမ်းနိုင်ပါသည်။ earthstar မှိုမှာ လူကြိုက်များသည့် အစားအစာ ဖြစ်သောကြောင့် လက်ရှိတွင် ဈေးနှုန်းမှာ ၁၀ ကျပ်သား (၁၄၀ ဂရမ်)လျှင် ကျပ် ၁၀,၀၀၀ နှုန်းပေးရပြီး တစ်နှစ် ပတ်လုံး ရာသီတစ်ခုတွင်သာ ရနိုင်သောကြောင့် ဈေးကောင်းသော်လည်း ကြိုက်နှစ်သက်သူများက ဝယ်ယူမှု များပြားလျက်ရှိပါသည်ဟု ရောင်းချသူတစ်ဦးက ပြောပါသည်။

သို့သော်လည်း ထုတ်လုပ်မှု ပေါများလာသောအခါတွင် ဈေးနှုန်းကျဆင်းသွားမည် ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ရာသီအလိုက် earthstar မှိုတွင် ဗီတာမင်၊ ပိုတက်ဆီယမ်၊ ပရိုတင်း၊ အမျှင်ဓာတ်နှင့် သံဓာတ်တို့ကဲ့သို့သော ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများစွာရှိပြီး အရိုးနှင့် ကြွက်သားများကို ကျန်းမာစေနိုင်သည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥမ္မာထွန်း

https://www.gnlm.com.mm/earthstar-mushroom-season-arrives-price-gets-high/

# ၂၀၂၅ ခုနှစ် ဇွန် ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ် ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်အားကောင်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်း ပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် လေးရက်မှခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့်ရွှေကူမြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၄ပေမှ၆ပေခန့်၊ မန္တလေးမြို့၊စစ်ကိုင်းမြို့၊မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇ ပေမှ ၉ ပေခန့် လက်ရှိ ရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်ပြီး ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့ တို့တွင် ၃ ပေမှ ၅ ပေခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ကနီမြို့နှင့်မုံရွာမြို့တို့တွင် ၆ ပေမှ ၉ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်း လာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့နှင့် ရွှေစာရံမြို့တို့တွင် ပေဝက်မှ ၁ပေခန့်၊ စစ်တောင်းမြစ်ရေ သည် တောင်ငူမြို့တွင် ၃ ပေခန့်နှင့် မဒေါက်မြို့တွင် ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည်ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေခန့်စီနှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ၅ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

Agribiz News www.agribiznews.com.mm

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး
(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်

ဖုန်း ၀၆၇ ၃၄၁၀၁၄၂

## တရုတ်ဝယ်လိုအားကြောင့် ကွမ်းသီးပေါင်း ရောင်းအားတက်

**တ**ရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ နူးညံ့ပြီး အစိုဓာတ်ရှိသော ကွမ်းသီးပေါင်းများကို ပိုမို ဝယ်ယူနေကြ၍ ရောင်းအားမြင့်နေကြောင်း ကုန်သည်များကပြောကြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နူးညံ့ပြီး အစိုဓာတ်ရှိသော ကွမ်းသီးပေါင်းများ အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။ ကွမ်းသီးများကို ရေနွေးငွေ့ဖြင့် ပေါင်းခံပြီး တရုတ်နိုင်ငံသို့ တင်ပို့လျက် ရှိပါသည်။

မြန်မာ့ကွမ်းသီးပေါင်းဈေးကွက်သည် လွန်ခဲ့သော ဆယ်နှစ်ခန့်ကတည်းက လူကြိုက်များခဲ့ကြသည်။ ပုသိမ်မြို့နယ်တွင် ၂၀၁၆ ခုနှစ်အတွင်း ကွမ်းသီးပေါင်းရောင်းဝယ်မှု ထွန်းကားခဲ့ပါသည်။ ကွမ်းသီးများကို တစ်လက်မခန့် အရွယ်အစားရှိချိန်တွင် စတင်ခူးဆွတ်ကြပါသည်။

ကွမ်းသီးကုန်သည်များသည် အသီးပိုင်းထက် ချွန်သောကွမ်းသီးများကို ပိုနှစ်သက်ကြပါသည်။

၎င်းတို့ကို တရုတ်နိုင်ငံတွင် သရေစာပြုလုပ်ကြကြောင်း သိရှိရပါသည်။ ကွမ်းသီးပေါင်းများကို ထုံးနှင့် ကွမ်းရွက်တို့နှင့်အတူ ဝါးလေ့ရှိပါသည်။ ဈေးပိုမိုရရှိခြင်းကြောင့် ကွမ်းသီးပေါင်း ရောင်းဝယ်ခြင်းကို စိုက်ပျိုးသူများ သဘောကျလျက်ရှိသည်။ ကွမ်းသီးကို အခြောက်လှန်းခြင်းထက် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်လျက် ရှိပါသည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် ကွမ်းသီးဈေးနှုန်းများ သိသိသာသာ မြင့်တက်လာကြောင်း သိရှိရသည်။

လင်းလဲ့ရည်အောင်

https://www.gnlm.com.mm/soft-areca-nut-sales-surge-on-china-demand/



# အိန္ဒိယဈေးကွက်အပြောင်းအလဲကြောင့် မတ်ပဲဈေး တည်ငြိမ်နေ



ပြည်ပဝယ်လိုအား နည်းနေသဖြင့် မြန်မာ့မတ်ပဲဈေးမှာ တည်ငြိမ်နေပါသည်။ ဧရာဝတီ တိုင်းဒေသကြီးမှ ကုန်သည်များသည် မေလမှစတင်ကာ မတ်ပဲဈေးမှာ ပုံမှန်ပေါက်ဈေးရှိကြောင်း သိရသည်။ အိန္ဒိယရှိ ပဲစက်ရုံများ၏ ဝယ်လိုအားနည်းပါးခြင်းကြောင့် မြန်မာနိုင်ငံတွင် မတ်ပဲဈေး ကျဆင်းခဲ့ပါသည်။ မဒ္ဒယာပရာဒေ့ရှ်ပြည်နယ်မှ မတ်ပဲသည် ဈေးကွက်သို့ ပေါပေါများများ ရောက်ရှိနေပြီဟု အိန္ဒိယ သတင်းများတွင် ဖော်ပြသည်။

ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ မတ်ပဲဈေးသည် ကျဆင်းခဲ့သည်။ သွင်းအားစုကုန်ကျစရိတ် မြင့်မားမှုကြောင့် စိုက်ပျိုးသူများသည် ဈေးနှုန်းမြင့်တက်မှုကို မျှော်လင့်နေကြသည်။ အိန္ဒိယသည် ယခုဘဏ္ဍာရေးနှစ်အတွင်း မတ်ပဲ ၃၁ ရာခိုင်နှုန်းပိုမိုတင်သွင်းခဲ့သည်။ ဆိုးရွားသော ရာသီဥတုအခြေအနေကြောင့် အိန္ဒိယ၏ ပဲအထွက်နှုန်းသည်လည်း အနည်းငယ် ကျဆင်းဖွယ်ရှိသည်။ ထို့ကြောင့် ဈေးနှုန်းပြန်တက်လာမည်ဟု မျှော်လင့်ရသည်။

အိန္ဒိယနိုင်ငံသည် မတ်ပဲအခွန်မဲ့တင်သွင်းခွင့်မူဝါဒကို ၂၀၂၆ခုနှစ်၊ မတ်လအထိ သက်တမ်း တိုးခဲ့ကြောင်းကို အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က မတ် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဤမူဝါဒသည် အိန္ဒိယတွင် ကြီးထွားလာသော ဝယ်လိုအားကို ဖြည့်ဆည်းရန်ဖြစ်ကြောင်း ကုန်သည်များက အလေးပေး ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ မတ်ပဲနှင့် ပဲစင်းငုံကို အဓိကဝယ်ယူသူဖြစ်သည်။ ထို့ကြောင့် မတ်ပဲနှင့် ပဲစဉ်းငုံဈေးနှုန်းများသည် နိုင်ငံခြား ငွေလဲလှယ်ရေး ဈေးကွက်တွင် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား အတက်အကျများနှင့် နီးကပ်စွာ ဆက်စပ်နေပါသည်။

မြန်မာနိုင်ငံသည် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစဉ်းငုံတို့ကို အဓိက တင်ပို့နေသည်။ ၎င်းတို့အနက် မတ်ပဲနှင့် ပဲစဉ်းငုံကို အိန္ဒိယသို့ အဓိကတင်ပို့ပြီး ပဲတီစိမ်းကို တရုတ်နှင့် ဥရောပသို့ တင်ပို့ခဲ့သည်။

အိန္ဒိယတွင် မတ်ပဲနှင့် ပဲစဉ်းငုံအတွက် ဝယ်လိုအားနှင့် စားသုံးမှုလိုအပ်ချက်များ တိုးလာ နေသည်။ ၂၀၂၁ ခုနှစ်၊ ဇွန် ၁၈ ရက်က အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ အိန္ဒိယသည် မတ်ပဲတန်ချိန် ၂၅၀,၀၀၀ နှင့် ပဲစင်းငုံတန်ချိန် ၁၀၀,၀၀၀ ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ၅ နှစ်ဆက်တိုက် တင်သွင်း မည်ဖြစ်သည်။ ဤ G-to-G စာချုပ်သည် အိန္ဒိယမှ သတ်မှတ်ထားသော ပဲမျိုးစုံ၏ နှစ်စဉ်ခွဲတမ်း အပေါ် သက်ရောက်မှုရှိမည် မဟုတ်ပေ။

မြန်မာနိုင်ငံမှ တင်ပို့သူများသည် ပဲများကို အိန္ဒိယသို့ နှစ်စဉ်ခွဲတမ်းသတ်မှတ်ထားသည့် အောက်မှ ဖြန့်ဖြူးနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပဲ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ အိန္ဒိယမှ အဓိကဝယ်ယူသည့် မတ်ပဲကို မြန်မာနိုင်ငံတွင်သာ တွေ့ရပြီး ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ကုလားပဲကို အာဖရိကနိုင်ငံများနှင့် ဩစတြေးလျတို့တွင် စိုက်ပျိုးကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/black-gram-prices-steady-as-indias-market-shifts/

# ဘင်္ဂလားဒေ့ရှ်မှ သရက်သီးများ တရုတ်သို့ ပထမဆုံးအကြိမ် ဝင်ရောက်



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ပထမဆုံး တင်ပို့သည့် သရက်သီး (၃)တန်သည် တရုတ် နိုင်ငံအလယ်ပိုင်း၊ ဟူနန်ပြည်နယ်၊ ချန့်ရှားမြို့သို့ ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။ ရောက်ရှိလာချိန်တွင် Changsha Huanghua အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အကောက်ခွန်အရာရှိများသည် တင်ပို့သည့်တံဆိပ်များနှင့် ပိုးမွှားကင်းရှင်းကြောင်းလက်မှတ်များကိုချက်ချင်းစစ်ဆေးကာ ထုပ်ပိုးမှုနှင့် သစ်သီးများကို ဖွင့်ဖောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အကောက် ခွန်ရှင်းလင်းမှုကို ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါသည်။

သရက်သီးများသည် ၎င်းတို့၏ နူးညံ့သောအရသာ၊ သကြားပါဝင်မှုမြင့်မားပြီး မွှေးပျံ့သည့် ရနံ့တို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူသိများသောထုတ်ကုန်တစ်ခုဖြစ် ကြောင်း၊ သစ်သီးများကို တရုတ်နိုင်ငံတစ်ဝန်းရှိ e-commerce ပလက်ဖောင်းများ၊ ဈေးဝယ်စင်တာများနှင့် လတ်ဆတ်သော သစ်သီးဆိုင်ခွဲများမှတစ်ဆင့် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း တင်သွင်းသူ Hunan BabaiLi Holding Group မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခင်က အရှေ့အလယ်ပိုင်းနှင့် အီးယူသို့ အဓိကတင်ပို့ခဲ့သည့် ဘင်္ဂလားဒေ့ရှ် သရက်သီးများသည် ယခုအခါ တရုတ်နိုင်ငံသို့ ဝင်ရောက်လျက်ရှိပြီး ပထမနှစ်တွင် တန်ချိန် ၁၀၀ ကျော် တင်သွင်းမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သရက်သီးတင်သွင်းမှုကို တရုတ်နိုင်ငံက အတည်ပြုခဲ့ကြောင်း၊ ပို့ဆောင်မှုအဆင်ပြေစေရန်အတွက် Changsha Customs သည် မူဝါဒညှိနှိုင်း ဆွေးနွေးခြင်းနှင့် quarantine ခွင့်ပြုချက်အပါအဝင် အစအဆုံးပံ့ပိုးကူညီပေးခဲ့ကြောင်း၊ လေဆိပ်တွင် အထူးသီးသန့်အဖွဲ့တစ်ဖွဲ့သည် သီးသန့်စစ်ဆေးခြင်းအစီအစဉ်ဖြင့် ကုန်ပစ္စည်း ဆိုက်ရောက်စစ်ဆေးခြင်းကို လျင်မြန်စွာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် သရက်သီးတန်ချိန် ၂ ဒသမ ၇ သန်းခန့် ထွက်ရှိရန် မျှော်မှန်းထားပြီး တန်ချိန် ၅၀၀၀ ခန့် တင်ပို့ရန် စီစဉ်ထားကြောင်း စိုက်ပျိုးရေးတိုးချဲ့မှုဦးစီးဌာနထံမှ သိရှိရပါသည်။

သရက်သီးမြို့တော်ဟု လူသိများသော Chapainawabganj ၏ အနောက်မြောက်ပိုင်းဒေသသည် ၎င်း၏အရည်အသွေးမြင့်၊ ဓာတုကင်းစင်သောသရက်သီးများကြောင့် ကျော်ကြားကြောင်း၊ မကြာသေးမီနှစ်များအတွင်း ဓာတုပိုးသတ်ဆေးများထက် ပို၍ဘေးကင်းသည့် အစားထိုးနည်းလမ်းဖြစ်သော တရုတ်အိတ်ထုပ်နည်းပညာသည် ဒေသခံတောင်သူများအကြားရေပန်းစားလာခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သစ်သီးရောင်းဝယ်ရေးသည် တည်ငြိမ်စွာ တိုးတက်လာခဲ့ ကြောင်း၊ သစ်သီးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၄ ဘီလီယံရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ တင်သွင်းမှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄၅ ဘီလီယံရှိပြီး ယခင်နှစ်ထက် ၆ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်သည် တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် (၅၀)ပြည့် နှစ်ပတ်လည်နေ့ဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် သိသိသာသာ နက်ရှိုင်းလာခဲ့ကာ တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၏ အကြီးဆုံးကုန်သွယ် ဖက်အဖြစ် ၁၅ နှစ်ဆက်တိုက် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

ကောနိုင်ကျော်

https://english.news.cn/20250528/1d31d025850f4b3eb0484146467cb8bd/c.html

# နော်ဝေပင်လယ်စာများ တရုတ်ဝယ်လိုအား မြင့်တက်လာ

တရုတ်စားသုံးသူများသည် အရည်အသွေးမြင့် ရေထွက်ကုန်ပစ္စည်းများကို စားသုံးမှုမြင့်တက်လာခြင်းကြောင့် တရုတ်နိုင်ငံသည် နော်ဝေပင်လယ်စာများအတွက် အလျင်အမြန်ကြီးထွားလာနေသည့် ဈေးကွက်ဖြစ်လာပြီး ဝယ်လိုအားမှာလည်း ကြီးထွားနေဆဲဖြစ်ကြောင်း နော်ဝေပင်လယ်စာကောင်စီက ပြောကြားခဲ့ကြောင်း သိရှိရသည်။

နော်ဝေနိုင်ငံသည် ယခင်နှစ်က တရုတ်နိုင်ငံသို့ ပင်လယ်စာမက်ထရစ်တန် ၁၈၂,၀၀၀ တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၄ ရာခိုင်နှုန်း တိုးလာကြောင်းနှင့် ပို့ကုန်တန်ဖိုးမှာ နော်ဝေ ခရိုနာ ၉ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၂၆ သန်း) ရှိပြီး နှစ်စဉ် ၁၀ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း ကောင်စီက ပြောကြားသည်။

တရုတ်နိုင်ငံသည် အခြားအဓိကဈေးကွက်များထက် ပို၍တိုးတက်လျက်ရှိသည့် အဓိကအချက်မှာ မကြာသေးမီနှစ်များအတွင်း တရုတ်ဈေးကွက်သို့ ဆယ်လ်မွန်တင်ပို့မှု တိုးတက်လာခြင်း ကြောင့်ဖြစ်ပြီး တရုတ်နိုင်ငံသို့ နော်ဝေ၏ ကြီးမားသည့်ပို့ကုန်တစ်မျိုးဖြစ်လာသည်ဟု 2025 Seafood Expo Asia-Pacific သို့ တက်ရောက်ခဲ့သည့် Norwegian Seafood Council ၏ တရုတ် နိုင်ငံဆိုင်ရာ ဒါရိုက်တာ Sigmund Bjorgo ကပြောကြားခဲ့ကြောင်း သိရှိရသည်။

နော်ဝေသည် ပွင့်လင်းသည့် စီးပွားရေးရှိသော နိုင်ငံငယ်လေးဖြစ်ကာ ကမ္ဘာတစ်ခုလုံးနှင့် ကုန်သွယ်မှုအပေါ် ၁၀၀ ရာခိုင်နှုန်း မှီခိုလျက်ရှိပြီး ပင်လယ်စာသည် ၎င်းတို့၏ ဒုတိယအကြီးဆုံး ပို့ကုန်ဖြစ်ကြောင်း၊ လက်ရှိကမ္ဘာ့ကုန်သွယ်ရေးတွင် အကောက်ခွန် အပြောင်းအလဲများကြောင့် နော်ဝေပင်လယ်စာများအတွက် တည်ငြိမ်သော ဈေးကွက်များရရှိရန် အရေးကြီးကြောင်း၊ တရုတ် နိုင်ငံသည် အလွန်တည်ငြိမ်ပြီး ဆက်လက်တိုးတက်မည့် နေရာကောင်းတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရသည်။
နော်ဝေသည် နိုင်ငံပေါင်း ၁၄၀ ကျော်သို့ ပင်လယ်စာထွက်ကုန်များ တင်ပို့ခဲ့ပြီး တရုတ် နိုင်ငံသည် ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် အကြီးဆုံးဈေးကွက်နှင့် အာရှတွင် နော်ဝေပင်လယ်စာ တင်ပို့မှုတန်ဖိုးအရ အကြီးဆုံးဈေးကွက်ဖြစ်လာခဲ့ကြောင်း ကောင်စီကဆိုသည်။

တရုတ်နိုင်ငံသည် ဆယ်လ်မွန်ငါးတင်သွင်းမှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး နော်ဝေ၊ ကနေဒါနှင့် ချီလီတို့သည် အဓိကရောင်းချသူများဖြစ်ကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့က ပြောကြားခဲ့ကြောင်း သိရှိရသည်။

အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာပေါ်တွင် ရေထွက်ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှုအတွက် အကြီးဆုံးဈေးကွက်ဖြစ်ပြီး ပင်လယ်စာပြုပြင်ရေးဗဟိုချက်လည်းဖြစ်ကြောင်း၊ ကမ္ဘာ့ရေထွက်ကုန် ကုန်သွယ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များသည် အဆိုပါဒေသတွင် အဓိကတည်ရှိနေကြောင်း China Aquatic Products Processing and Marketing Alliance ၏ ဥက္ကဋ္ဌ Cui He က ပြောကြားခဲ့သည်။

နော်ဝေသည် နှစ်ပေါင်း ၃၀ ကျော်ကြာ ပင်လယ်စာများကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး salmon၊ mackerel နှင့် whitefish တို့ကို အဓိက တင်ပို့ကြောင်း၊ တရုတ်နိုင်ငံသည် cold-water prawns အတွက် ကမ္ဘာ့အကြီးဆုံး ဈေးကွက်ဖြစ်သော်လည်း နော်ဝေမှ တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ အကန့်အသတ်ဖြင့် ဆက်လက်ရှိနေကြောင်း သိရှိရပါသည်။

ယခင်က နော်ဝေမှ coldwater prawns အများစုကို ဆွီဒင်၊ ဖင်လန်နှင့် ဗြိတိန်တို့ကဲ့သို့ အနီးအနားရှိ ဈေးကွက်များသို့ ရောင်းချခဲ့ကြောင်း၊ ယခုနှစ်တွင် နော်ဝေသည် တရုတ်နိုင်ငံ၌ ဈေးကွက်တည်ဆောက်ရန် အာရုံ စိုက်လျက်ရှိပြီး အခုအချိန်အထိ အခြေအနေကောင်းမွန်ကြောင်း၊ coldwater prawns ဖမ်းဆီးသည့်ရာသီကို လွန်ခဲ့သည့်နှစ်လခန့်က စတင်ခဲ့သော်လည်း ဧပြီလ ကုန်တွင် တင်ပို့မှုပမာဏမှာ ယခင်နှစ်ကထက် ၅ ဆ ပိုမိုများပြားခဲ့




ကြောင်း Bjorgo က ပြော ကြားခဲ့သည်ဟု သိရှိရသည်။

နော်ဝေနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့ coldwater prawns တန်ချိန် ၂,၄၃၉ တန်ကို တင်ပို့ခဲ့ပြီး တန်ဖိုးမှာ နော်ဝေခရိုနာ ၁၁၃ သန်းအထိရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တန်ချိန် အားဖြင့် ၃၁၉ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၁၅၈ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း ကောင်စီ က ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပုစွန်ဈေးကွက်သည် အလွန်ကြီးမားပြီး နော်ဝေမှ coldwater prawns များနှင့်ပတ်သက်၍ တရုတ်ဝယ်လက်များ၏ စိတ်ဝင်

စာ-၁၅ သို့

# စားတော်ပဲ အကောက်ခွန်လွတ်တင်သွင်းမှု အိန္ဒိယအစိုးရ သက်တမ်းတိုး

ပဲမျိုးစုံဈေးနှုန်းများကျဆင်းရေးကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အိန္ဒိယနိုင်ငံသည် စားတော်ပဲ (Yellow Pea) အား အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက် အထိ သက်တမ်းတိုးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံသည် စားတော်ပဲကို ကနေဒါနှင့် ရုရှားနိုင်ငံတို့မှ အဓိကတင်သွင်းပြီး ကမ္ဘာ့ အကြီးဆုံး တင်သွင်းသူဖြစ်သည်။

ယခင်က အိန္ဒိယအစိုးရသည် စားတော်ပဲတင်သွင်းခွင့်မူဝါဒကို ၂၀၂၅ ခုနှစ် မတ် တွင် သုံးလသက်တမ်းတိုးပေးခဲ့သည့်အတွက် ယခု ၂၀၂၅ ခုနှစ် မေ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးရန် သတ်မှတ်ထားခြင်းဖြစ်ပြီး ယခုသက်တမ်းကုန်ဆုံးရက်နီးကပ်မှသာ သက်တမ်းတိုးမြှင့်ပေးခဲ့သည်ကို တွေ့ရှိရသည်။



အိန္ဒိယအစိုးရက ၂၀၂၃ ခုနှစ် ဒီဇင်ဘာတွင် အကောက်ခွန်လွတ်ပဲစင်းငုံ တင်သွင်းခွင့်ကို ကနဦးခွင့်ပြုပေးခဲ့ပြီး နောက်ပိုင်းတွင် ၃ လ တစ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ပြီး ယခု တစ်ကြိမ်တွင်မူ ဘဏ္ဍာနှစ်ကုန်ထိ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါသည်။

ကုန်သွယ်မှုအချက်အလက်များအရ အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၃ ဒသမ ၃၁ သန်းနှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၆ ဒသမ ၆၃ သန်းအထိ တိုးမြှင့် တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ယခင်ကစံချိန်တင် တင်သွင်းမှုအနေဖြင့် ၂၀၁၇ ခုနှစ် တွင် ၆ ဒသမ ၂၇ သန်းထိရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် စားတော်ပဲတင်သွင်းမှုအား အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုပြီးနောက် စံချိန်တင် တင်သွင်းခဲ့ပြီး ပဲမျိုးစုံတင်သွင်းမှု၏ ၄၅ ရာခိုင်နှုန်း သို့မဟုတ် တန်ချိန် ၂ ဒသမ ၉ သန်းအထိ တင်သွင်းခဲ့ကြောင်းတွေ့ရှိရပြီး အိန္ဒိယသည် ယင်းမတိုင်မီနှစ်က စားတော်ပဲတင်သွင်းမှု မရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် အိန္ဒိယ၏ စားတော်ပဲအား အကောက်ခွန်မဲ့တင်သွင်းခွင့်ပြုခြင်းသည် မြန်မာနိုင်ငံမှ အဓိကတင်ပို့လျက်ရှိသော မတ်ပဲနှင့် ပဲစဉ်းငုံဈေးနှုန်းများအပေါ်တွင်လည်း သက်ရောက်မှု အနည်းငယ်ရှိနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မျိုးမြင့်မောင်**

Govt extends duty-free yellow pea imports till March 2026, The Economic Times, 31 May, 2025.



# အင်ဒိုနီးရှားစားအုန်းဆီစက်မှုလုပ်ငန်းများ၌ ဒေါ်လာ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် တရုတ်ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စား

တရုတ်ရင်းနှီးမြှုပ်နှံသူများသည် အင်ဒိုနီးရှားနိုင်ငံတွင် စားအုန်းဆီစက်မှုလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း အင်ဒိုနီးရှား စားအုန်းဆီကောင်စီ (The Indonesian Palm Oil Council) က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားစားအုန်းဆီကောင်စီ ဥက္ကဋ္ဌ Sahat Sinaga က "တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ဆီအုန်းမှ စားအုန်းဆီအဖြစ် ထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လို ကြောင်း ၎င်းထံသို့ ဆက်သွယ်လာကြောင်း၊ စားအုန်းဆီထုတ်လုပ်ရန်အတွက် ပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် နည်းပညာများကို အသုံးပြုမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စားအုန်းဆီထုတ်လုပ်မှု လုပ်ငန်းတွင် အသုံးပြုနေသည့် နည်းပညာမှာ ခေတ်နောက်ကျနေပြီး ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားနေကြောင်း၊ နည်းပညာ အသစ်ကို အသုံးပြုရန် မိမိအနေဖြင့် အဆိုပြုခဲ့ပြီး တရုတ်နိုင်ငံက လည်း စိတ်ဝင်စားမှုရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံရှိ အသေးစား ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများကို အကူအညီပေးရန်အတွက် ဒေါ်လာဘီလီယံများစွာကို ယူဆောင်လာရန် အသင့်ဖြစ်နေကြောင်း" ဂျာကာတာမြို့တွင် ပြုလုပ်ခဲ့သည့် "Palm Oil Expo Indonesia (Palmex) 2025" ၏ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံမည့်ကိစ္စမှာ ၂၀၂၆ ခုနှစ်မှစ၍ လာမည့် ၇ နှစ် အတွင်း ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေသည် ဆီအုန်းအခိုင်များမှ စားအုန်း ဆီထုတ်လုပ်သည့် စက်ပစ္စည်းများ ပိုမိုကောင်းမွန်လာစေရေးကို အဓိကထားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ Sahat Sinaga ပြောကြားချက်အရသိရှိရသည်။

"လုပ်ငန်းငယ်များအနေဖြင့် ဆီအုန်းအခိုင်များကို အခိုင်လိုက်ရောင်းချခြင်းအပြင် ပတ်ဝန်း ကျင်နှင့်ကိုက်ညီသည့် နည်းပညာများ အသုံးပြုခြင်းဖြင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်သည့် ရောင်းချမှုများမှ တစ်ဆင့် အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင် မှုမှာ အစိုးရ၏ နိုင်ငံခြားသားလုပ်ငန်းရှင်ကို ကာဗွန်ထုတ်လွှတ်မှုရောင်းချရန်လိုင်စင် ထုတ်ပေးခြင်း အပေါ်တွင်မူတည်ကြောင်း၊ကာဗွန်ရောင်းချရန်အတွက် ခွင့်ပြုချက်ရရှိထားသည့် အဖွဲ့အစည်းသို့မဟုတ် ကုမ္ပဏီမရှိသေးကြောင်း" ဥက္ကဋ္ဌ Sahat Sinaga က ပြောကြားခဲ့သည်။

အင်ဒိုနီးရှား စာရင်းအင်းဌာန၏ အချက်အလက်များအရ စားအုန်းဆီကြိမ်းနှင့် ဆီအုန်းကဏ္ဍ ဆက်စပ်ကုန်စည်များ တင်ပို့မှုမှာ ၂၀၂၅ ခုနှစ် မတ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ ဘီလီယံ ရှိပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၅၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ နှစ်အလိုက်အချက်အလက်များအရ ၂၀၂၄ ခုနှစ်၊ မတ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ ဘီလီယံရရှိခဲ့သည့် အတွက် ယင်းနှင့်နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ် မတ်တွင် ၄၀ ဒသမ ၈၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

တရုတ်နိုင်ငံသည် ၎င်း၏ စားအုန်းဆီပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကမ္ဘာ့ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့် အဆင့် ၁ နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသို့ ချဉ်းကပ်ဆောင်ရွက်ခြင်းဖြစ်ပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုအရ ကာဗွန်ထုတ်လွှတ်မှုများ မြင့်တက်လျက်ရှိရာ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာအရေးကိစ္စရပ်များတွင် အရေးပါလာသည့်ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် သစ်တောဖုံးလွှမ်းဧရိယာများသည့်နိုင်ငံကို ချဉ်းကပ်ခြင်းဖြစ်ကြောင်း သုံးသပ်မိပါသည်။

**သွယ်သွယ်ဆုတင်**
Indonesian Palm Oil Association

# တရုတ်နိုင်ငံ သရက်သီးတင်သွင်းမှုဈေးကွက်၏ ၉၇ ရာခိုင်နှုန်းကို ဗီယက်နမ် သိမ်းပိုက်ထား

ဗီယက်နမ်သရက်သီးများသည် ထိုင်း၊ ပီရူးနှင့် ဩစတြေးလျတို့မှ တင်ပို့မှုထက်ကျော်လွန်ကာ တရုတ်၏ သရက်သီးတင်သွင်းမှုဈေးကွက်ဝေစု၏ ၉၇ ရာခိုင်နှုန်းကို သိမ်းပိုက်ထားကြောင်း၊ ဈေးနှုန်းအရယှဉ်ပြိုင်နိုင်ခြင်း၊ အရည်အသွေးတစ်သမတ်တည်းရှိခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ရောင်းချနိုင်ခြင်းတို့ကြောင့် ဈေးကွက်ရရှိနေခြင်းဖြစ်ကြောင်း သိရှိရသည်။



တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်၊ ပထမသုံးလပတ်တွင် သရက်သီးတင်သွင်းမှု အမေရိကန် ဒေါ်လာ ၂၉ သန်းဖိုးရှိပြီး ယခင်နှစ်ကထက် သိသိသာသာမြင့်တက်လာခဲ့ကြောင်း၊ ကိန်းဂဏန်း အချက်အလက်များအရ ဗီယက်နမ်နိုင်ငံသည် သရက်သီးတန်ချိန် ၄၀,၇၀၀ နီးပါးကို တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၈ သန်းရရှိကာ ယခင်ထက် သိသိသာသာမြင့်တက်လာခဲ့ကာ ပျမ်းမျှပို့ကုန်ဈေးနှုန်းသည် ၇၂ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်သည် တရုတ်နိုင်ငံနှင့် နီးကပ်စွာတည်ရှိနေခြင်းသည် ထောက်ပံ့ပို့ဆောင်ရေးအရ အားသာချက်ရှိပြီး ကုန်ကျစရိတ်သက်သာ၍ သစ်သီးအရည်အသွေးကို ထိန်းသိမ်းထားနိုင်ကြောင်း၊ ပို့ကုန်ဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၀၀ ရှိပြီး ထိုင်း၊ ပီရူးနှင့် ဩစတြေးလျ တို့က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ မှ ၁၁၀၀၀ ကြားရှိကြောင်း၊ ဗီယက်နမ်သည် သရက်သီးရာသီချိန်မဟုတ်သည့် စက်တင်ဘာလမှ မတ်လအထိ ဈေးကွက်ကို သိမ်းပိုက်ထားပြီး ဝယ်လိုအားမြင့်တက်ချိန်တွင် ဈေးကွက်သို့ ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ သရက်သီးရာသီချိန်ပြင်ပတွင် အရည်အသွေးအကောင်းဆုံး သရက်သီး တစ်ကီလိုဂရမ်လျှင် ၄ ဒေါ်လာ ဝန်းကျင်ဖြင့် ရောင်းချကြောင်း သိရှိရပါသည်။

Hoa Loc နှင့် Cat Chu ကဲ့သို့သော အထူးမျိုးကွဲများသည် လတ်လတ်ဆတ်ဆတ် စားသုံးခြင်းနှင့် ပြုပြင်ခြင်းနှစ်မျိုးလုံးအတွက် လူကြိုက်များကြောင်း၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ သရက်သီးစိုက်ဧကဟက်တာ ၂,၀၀၀ ခန့်သည် VietGAP နှင့် GlobalGAP လက်မှတ်များရရှိထားပြီး၊ ထိုလက်မှတ်များသည် အရည်အသွေးမြင့်ဈေးကွက်ဝင်ရောက်ရန်အတွက် မရှိမဖြစ်လိုအပ်ကြောင်း သိရှိ ရပါသည်။

စိန်ခေါ်မှုများမှာ တရုတ်နိုင်ငံမှ သရက်သီးပေါ်ချိန်ဖြစ်သည့် မေလမှစ၍ ဝယ်လိုအား အတက် အကျများ၍ သွင်းကုန်ဝယ်လိုအားကျဆင်းပြီး ဈေးနှုန်းများကျဆင်းကာ တစ်ခါတစ်ရံ တစ်ကီလို ဂရမ်လျှင် ပြား(cents)အနည်းငယ်အထိ ဈေးနှုန်းကျဆင်းကြောင်း၊ ဈေးကွက်တစ်ခုတည်းကို အားကိုးခြင်းသည် အန္တရာယ်များသဖြင့် သရက်သီးကဏ္ဍတွင် တင်ပို့သည့်နိုင်ငံများကို

စာ-၇ သို့

# အလျင်မြန်ဆုံး တိုးတက်နေသော အဓိကစီးပွားရေး နိုင်ငံတစ်ခုအဖြစ် အိန္ဒိယ ဆက်လက် တည်ရှိနေမည်

**အိ**န္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် လက်ရှိဘဏ္ဍာနှစ်တွင် ကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကြောင့် အသင့်အတင့်သာရှိမည်ဟု ခန့်မှန်းထားကြောင်းနှင့် ရေတိုအတွင်း တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းရန်အတွက် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို မျှတစွာ ပေါင်းစပ်အသုံးပြုရန် လိုအပ်နိုင်ကြောင်း EY အစီရင်ခံစာတစ်စောင်တွင် မေ ၂၈ ရက်က ဖော်ပြခဲ့သည်။

EY Economy Watch မေလထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံသည် ပြည်တွင်းဝယ်လိုအား ခိုင်မာမှု၊ ငွေကြေးဖောင်းပွမှု လျော့ကျလာမှုနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ပြန်လည်အသက်ဝင်လာမည့် အလားအလာနှင့် ချိတ်ဆက်ထားသော လိုက်လျောညီထွေရှိသည့် ငွေကြေးမူဝါဒတို့၏ ပံ့ပိုးမှုဖြင့် အလျင်မြန်ဆုံး တိုးတက်နေသော အဓိကစီးပွားရေးနိုင်ငံများထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု သိရသည်။

"အိန္ဒိယနိုင်ငံ၏ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းသည် ကမ္ဘာလုံးဆိုင် ရာနှင့် ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများ ပေါင်းစပ်လွှမ်းမိုးမှုကြောင့် အသင့်အတင့်သာရှိမည်ဟု ခန့်မှန်းထားသည်" ဟု ၎င်းက ပြောကြားခဲ့သည်။ EY အစီရင်ခံစာ၏ ခွဲခြမ်းစိတ်ဖြာချက်အရ ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်များကြောင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အလားအလာကို သတိထားစောင့်ကြည့်ရန် လိုကြောင်း၊ အဆိုပါ သက်ရောက်မှုများတွင် ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ အမေရိကန်ပြည်ထောင်စုမှ မကြာသေးမီက ချမှတ်ခဲ့သော အကောက်ခွန်ဆိုင်ရာ အစီအမံများ၏ သက်ရောက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် ပိုမိုကျယ်ပြန့်သော မရေရာမှုများ ပါဝင်ကြောင်း သိရသည်။ အဆိုပါအစီရင်ခံစာတွင် ရေတိုအတွင်း အိန္ဒိယနိုင်ငံသည် တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းရန်အတွက် ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို မျှတစွာ ပေါင်းစပ်အသုံးပြုရန် လိုအပ်နိုင်သည်ဟု ပြောကြားခဲ့သည်။

"ငွေကြေးမူဝါဒပိုင်းမှာတော့




လက်ရှိအတိုးနှုန်းလျှော့ချမှု သံသရာကို ဆက်လက်လုပ်ဆောင်ခြင်းက စားသုံးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အထောက်အကူပြုနိုင်ပါတယ်။ ဘဏ္ဍာရေးပိုင်းမှာတော့ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်မှာ တိုးတက်မှုနှုန်း အသင့်အတင့်သာရှိခဲ့တဲ့ အစိုးရရဲ့ ငွေလုံးငွေရင်းအသုံးစရိတ် အပါအဝင် အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်ကို ပြန်လည်အသက်သွင်းတာက စီးပွားရေးလုပ်ဆောင်ချက်တွေ ရေရှည်တည်တံ့အောင် ထိန်းသိမ်းဖို့ အရေးကြီးတဲ့အချက်ဖြစ်ပါတယ်" ဟု EY မှ ပြောကြားခဲ့သည်။ အိန္ဒိယ အမျိုးသားစာရင်းအင်းဌာန (National Statistics Office-NSO) က အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်မည်ဟု ယခုနှစ် ဖေဖော်ဝါရီလတွင် ခန့်မှန်းထုတ်ပြန်ခဲ့ပြီး စီးပွားရေးတိုးတက်မှုနှုန်းသည် ပြီးခဲ့သည့် ဇွန်၊ စက်တင်ဘာနှင့် ဒီဇင်ဘာ သုံးလပတ်များတွင် ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ၅ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၆ ဒသမ၂ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း သိရသည်။ NSO သည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် ဂျီဒီပီခန့်မှန်းခြေနှင့် စတုတ္ထသုံးလပတ်အတွက် ခန့်မှန်းခြေများကို မေလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ရန် စီစဉ်ထားကြောင်း သိရသည်။

ဧပြီလတွင် ဗဟိုဘဏ်အဖွဲ့ဝင်သုံးဦးနှင့် ပြင်ပအဖွဲ့ဝင်သုံးဦးတို့ ပါဝင်သော အိန္ဒိယဗဟိုဘဏ် (RBI) ၏ ငွေကြေးမူဝါဒကော်မတီ (Monetary Policy Committee MPC) သည် ပြန်လည်ဝယ်ယူမှု (Repurchase) သို့မဟုတ် ဗဟိုဘဏ်တိုးနှုန်း (Repo rate) ကို ၂၅ အခြေခံပွိုင့် လျှော့ချ၍ ၆ ရာခိုင်နှုန်းသို့ သတ်မှတ်ရန် တညီတညွတ်တည်း မဲပေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ၂၀၂၅-၂၆ ဘဏ္ဍာနှစ် အတွက် ဂျီဒီပီတိုးတက်မှုနှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်းအဖြစ် RBI က ခန့်မှန်းထားသည်။ MPC ၏ နောက်ထပ် အစည်းအဝေးကို ဇွန် ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားပြီး ငွေကြေးမူဝါဒကို ဇွန် ၆ ရက်နေ့တွင် ကြေညာမည်ဟု သိရသည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ကမ္ဘာ့စီးပွားရေးအလားအလာ အစီရင်ခံစာ (World Economic Outlook -WEO) အရ အိန္ဒိယနိုင်ငံ၏ အမည်ခံဂျီဒီပီ (Nominal GDP) သည် ၂၀၂၅ ခုနှစ် (၂၀၂၅-၂၆ ဘဏ္ဍာနှစ်) တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈၇ ထရီလီယံခန့်သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး ဂျပန်နိုင်ငံ၏ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈၆ ထရီလီယံကို အနည်းငယ်ကျော်တက်ကာ ကမ္ဘာ့စတုတ္ထအဆင့် စီးပွားရေးအဆောက် အအုံတစ်ခုဖြစ်လာမည်ဟု Economic Times သတင်းစာက မေ ၂၆ ရက်က ဖော်ပြပါသည်။

အစောပိုင်းအစီရင်ခံစာအချို့တွင် အိန္ဒိယနိုင်ငံသည် ၂၀၂၅ ခုနှစ်၊ မေတွင် အဆိုပါမှတ်တိုင် ကို ရောက်ရှိခဲ့ပြီဟု ဖော်ပြခဲ့သော်လည်း NITI Aayog အရာရှိများပြောကြားချက်၊ EY Economy Watch နှင့် IMF ၏ အချက်အလက်များအရ တရားဝင်အတည်ပြုချက်ကို ၂၀၂၆ ခုနှစ် အစောပိုင်းတွင် ထုတ်ပြန်မည့် တစ်နှစ်တာ တိုင်းပြည်ဝင်ငွေ (ဂျီဒီပီ) အစီရင်ခံစာ၌ အချက်အလက်အပြည့်အစုံဖြင့် သိရှိရဖွယ်ရှိကြောင်း သိရပါသည်။

သို့ပါ၍ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်နှင့် အစီရင်ခံစာများက တစ်ညီတစ်ညွတ်တည်း ခန့်မှန်းထားကြသည့်အချက်မှာ အိန္ဒိယနိုင်ငံသည် အလျင်မြန်ဆုံး တိုးတက်နေသော အဓိကစီးပွား ရေးနိုင်ငံများထဲမှ တစ်ခုအဖြစ် ဆက်လက်တည် ရှိနေမည်ဟု တွေ့ရှိရကြောင်း လေ့လာသုံးသပ်တင် ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

Economic Times, India to remain among fastest-growing major economies even as growth may moderate in FY26: EY, May 28, 2025.
Economic Times, India to become 4th largest economy by end of 2025: NITI Member Arvind Virmani, May 26, 2025.

စာ- ၆ မှ

မတူကွဲပြားစေကာ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ကြာရှည်ခံစေရန်ထိန်းသိမ်းခြင်းနည်းပညာများတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရသည့် စိုက်ပျိုးမြေများကို တိုးချဲ့ခြင်းသည် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ကေခိုင်ကျော်**

https://www.freshplaza.com/asia/article/9735255/vietnam-captures-97-of-china-s-mango-import-market/

e-Paper ကို
agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်



# အခွံမာရေသတ္တဝါ ပုစွန်ကျား၏ သဘာဝနှင့်အသုံးဝင်ပုံ

ပင်လယ်ပြာ(ငါးဦးစီး)

လက် ၅ စုံပါသော အခွံမာ ရေသတ္တဝါ(decapoda crustaceans) များ ဖြစ်ကြပြီး ပုစွန်ကျားသည် မျိုးပေါင်းစု- Arthropoda တွင်ပါဝင်ပြီး မျိုးစဥ်- Decapoda အောက်တွင် ပါဝင်ပါသည်။အင်္ဂလိပ်အခေါ်မှာ Black Tiger shrimp / Giant Tiger shrimp/ Asian Tiger shrimp ဟု သိရပြီး သိပ္ပံအမည်မှာ Penaeus Monodon (P.Monodon) ဖြစ်သည်။

ပုစွန်မျိုးစိတ်များတွင် လူသိများပြီး ပြည်တွင်းပြည်ပဈေးကွက်တွင် ဈေးကောင်းသောပုစွန်မှာ ပုစွန်ကျားဖြစ်ပါသည်။၎င်းကို နေရာဒေသအလိုက် အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြပါသည်။

ရခိုင်ကမ်းရိုးတန်းတွင် ကုလားပုစွန်ဟူ၍ လည်းကောင်း၊တနင်္သာရီတွင် ပုစွန်ကျားဟူ၍လည်းကောင်း ခေါ်ကြသည်။

ပုစွန်ကျားမျိုးများသည် ကိုယ်ထည်ပြား၍ ပုစွန်ထုပ်လောက် ခေါင်းမကြီးချေ။အပေါ်အရေခွံလည်း ပုစွန်ထုပ်လောက်မထူဘဲ အရောင်မှာ စိမ်းညိုရောင်နှင့် အဝါစင်းကျားဖြစ်သည်။ လက်နှင့် ဝမ်းဗိုက်ရှိ ရေကူးအင်္ဂါများလည်း ပို၍ ပျော့ပျောင်းနူးညံ့သည်။ အရွယ်အားဖြင့် ၆ လက်မ မှ ၈ လက်မအထိ ရှိသည်။

## နေထိုင်ကျက်စားပုံနှင့် အလေ့အထ

ပုစွန်ကျားများသည် ကွဲပြားခြားနားသော ပတ်ဝန်းကျင်ဒေသနေရာအမျိုးမျိုးတွင် ရှင်သန်ကျက်စားနေထိုင်တတ်ကြသည်။ အများအားဖြင့် အရှေ့တောင်အာရှတွင် တွေ့ ရ သ ည် ဆို သော် ငြား လ ည်း အခြားသော နေရာဒေသများတွင်လည်း တွေ့ရှိနိုင်ပါသည်။ ကျားပုစွန် အရွယ်ကောင်းများကို မြစ်ချောင်းများနှင့် ဒီရေတောများတွင် ပုံမှန်အားဖြင့်နေထိုင်ကျက်စားသည်ကို တွေ့ရှိရပြီး မျိုးပွားနိုင်သည့်အရွယ်ရောက်သည်နှင့် ရေနက်ပိုင်း၊ မြစ်ဝ၊ ပင်လယ်သို့ထွက်ခွာသွားကြလေ့ရှိသည်။ ရေနက်ပိုင်းအောက်ခြေရှိ ကျောက်ဆောင်နှင့် နွံထူသည့်နေရာမျိုးတွင် နေထိုင်လေ့ရှိကြသည်။ နေထိုင်သည့်ပတ်ဝန်းကျင်ကိုလိုက်၍ ပုစွန်၏အရောင်သည်လည်း ပြောင်းလဲမှု ရှိပေသည်။ အနက်ရောင် ကုလားပုစွန်များကို တွေ့နိုင်သလို အခွံမှာ အစိမ်း အဝါ အစင်းကြောင်းများဖြင့်လည်းကောင်း၊ ခဲရောင် အစင်းကြောင်းများဖြင့်လည်းကောင်း တွေ့ရှိနိုင်ပေသည်။ ညဥ့်အချိန်ခါမှ အစာထွက်စားလေ့ရှိကြပြီး နေ့ခင်းဘက်အချိန်များတွင် ရွှံ့နွံများထဲတွင် ခန္ဓာကိုယ်ကို နစ်မြုပ်ထားပြီးနေထိုင်ကြသည်။ မြစ်၊ ချောင်းများ၏ကြမ်းပြင်တွင် အနည်ကျရောက်လျက်ရှိသော သက်ရှိအနုဇီဝ ပိုးကောင်များ၊ အခွံမာ အကောင်ငယ်များ၊ ကပ်ပါးကောင်ငယ်များနှင့် ခရုကမာ အကောင်ငယ်များကို စားသုံးကြသည်။ သားပေါက်အဆင့်တွင် သက်ရှိရေမျော အပင်/ အကောင် ငယ်လေးများကို အဓိက စားသုံးပြီး ရှင်သန်ကြီးထွားလာကြသည်။ ညဥ့်အချိန်မှသာ မိတ်လိုက်တတ်ကြပြီး တစ်ခါပေါက်လျှင် ဥ ပေါင်း ၈ သိန်းအထိ ဥချနိုင်သည်။

## မျိုးပွားခြင်း

သားပေါက်အရွယ်မှ မျိုးပွားနိုင်သည့်အရွယ်ရောက်သည်အထိ ရေချိုရေငန်စပ် မြစ်ချောင်းများနှင့် ဒီရေတောများတွင် နေထိုင်ကျက်စားကြပြီး မျိုးပွားမည့် အရွယ်တွင် ရေနက်ပိုင်း ပင်လယ်သို့ထွက်ခွာသွားပြီး ဥချလေ့ရှိကြသည်။သက်ကြီးမျိုးပွားခါနီးအကောင်များကို ပင်လယ်ပြင်၌အများအားဖြင့် တွေ့ရသည်။ သ က် ကြီး အ ထီး အ မ များ သ ည် ပင်လယ်ပြင်ထဲတွင် မိတ်လိုက်ပြီး ဥဥချတတ်သောအလေ့အထ ရှိသည်။ ဥမှပေါက်ဖွားလာသော သားလောင်းများသည် ရေစီးနှင့်အတူ မျောပါလာပြီးသားပေါက်အရွယ်တွင်မြစ်ချောင်းများနှင့် ဒီရေတောများအတွင်းသို့ ရောက်ရှိနေကြပြီးဖြစ်သည်။ မြစ်ချောင်း များ နှင့် ဒီ ရေ တော များ တွင် ရှင်သန်ကျက်စားကြပြီး မျိုးပွားမည့် အရွယ်တွင် ရေနက်ပိုင်းပင်လယ်ထဲသို့ တစ်ဖန် ထွက်ခွာသွားကြသည်။

ပုစွန်ကျားအမသည် အထီးထက် အရွယ်ကြီး၍ မျိုးပွားရန်ရင့်မှည့်နေသော ဥအိမ်များသည် အမ၏ကျောဘက်တွင် အတန်းလိုက်ရှိနေကြောင်း မြင်တွေ့နိုင်သည်။အထီးများ၏ မျိုးပွားအင်္ဂါသည် အထီး၏ ပထမရေယက်နှစ်ခုအတွင်း၌ တည်ရှိနေပြီး Petasma ဟုခေါ်သည်။ အမများ၏ သုက်လက်ခံအိမ်မှာ thelycum ဟုခေါ်၍ နောက်ဆုံး/ခြေနှစ်ခုကြားတွင် တည်ရှိသည်။

## ပုစွန်ကျား စားဖွယ်စုံ

ပုစွန်ကျား၏အရသာမှာ အလွန်ချိုသောကြောင့် လူကြိုက်များသည်။ ပုစွန်ကျား ဆီပြန်ဟင်း၊အစပ်ဟင်း၊ ပုစွန်ကျား တန်ပူရာကြော်၊ ပုစွန်ကျားသုပ်၊ပုစွန်ကျားကင်၊ပုစွန်ကျားထောင်း၊ပုစွန်ကျား မှို အစပ်ထောင်း၊ ပုစွန်ကျား အာပူရှိုင်ချက်အပြင် ပုစွန်ကျားငါးပိထောင်း၊ ပုစွန်ကျား ပုစွန်ခြောက်တို့မှာလည်း နာမည်ကြီးသည်။

ထို့ပြင် ပုစွန်ကျားကို ပင်လယ်စာခေါက်ဆွဲကြော်၊ပင်လယ်စာထမင်းကြော်၊ မာ လာ ရှ မ်း ကော ၊ မာ လာ မောက်ချိုက်၊ ကြေးအိုး၊ hot pot စသည့်ဟင်းလျာများတွင်လည်းထည့်သွင်း အ သုံး ပြု ကြ သ လို ပု စွ န် ကျား အစိမ်းကို ပင်လယ်စာဆော့စ်ဖြင့်လည်း တို့ဖက်စားကြသေးသည်။

ပုစွန်ကျားကို အများအားဖြင့် လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားကြသော်လည်း အနောက်နိုင်ငံများတွင် စည်သွတ်ရောင်းချကြသည်။



## ပုစွန်ကျားစားသုံးခြင်းဖြင့် ရရှိနိုင်မည့်ကျန်းမာရေး အကျိုးကျေးဇူးများ

ပုစွန်ကျားတွင် Selenium ဓာတ်၊ ဗီတာမင် B-12 ၊ ပရိုတင်း၊Phosphorus ၊ ကာလိုရင်း၊ ကော့ပါး၊ ကယ်လ်စီယမ်၊အိုင်အိုဒင်း၊ဗီတာမင် B-3 ၊ ဇင့်၊ ဗီတာမင်-E ၊ဗီတာမင် B-6၊ Omega-3 အဆီဓာတ်၊Pantothenic အက်စစ်နှင့် ဗီတာမင်-A စသည်တို့ ပါဝင်ပါသည်။ထို့ကဲ့သို့ ကျန်းမာရေးအကျိုးပြုဓာတ်များကြွယ်ဝစွာ ပါဝင်သော ပုစွန်ကျားကို ပုံမှန်စားသုံးပေးမည်ဆိုလျှင် ခံစားရမည့် ကျန်းမာရေးအကျိုးကျေးဇူးများမှာ မရေတွက်နိုင်အောင် များပြားလှပါသည်။

### ၁။ နှလုံးကျန်းမာရေးအတွက် ကောင်းမွန်ခြင်း

ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများထဲတွင် နှလုံးသည်လည်း အရေးအကြီးဆုံး အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။မိမိ၏နှလုံး ကျန်းမာနေမှသာ မိမိသည်လည်း ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

အခြားပင်လယ်စာများကဲ့သို့ ပုစွန်ကျားတွင် အိုမီဂါသရီး ဖက်တီးအက်စစ် ပါဝင်သည်။ ထို အက်စစ်ဓာတ်များသည် သွေးလှည့်ပတ်မှုကို ကောင်းမွန်စေပြီး နှလုံးရောဂါမခံစားရအောင် ကာကွယ်ပေးပါသည်။ ထို့ပြင် ပုစွန်ကျားတွင် Selenium ဓာတ်လည်း ပါဝင်ပြီး အဆိုပါဓာတ်

စာ-၉ သို့

# ကိုရီးယား chamoe သခွားမွှေးများ လေထုထိန်းချုပ်နည်းပညာဖြင့် ရေကြောင်းမှ ဗီယက်နမ်သို့ ရောက်ရှိ



Chamoe ဟု လူသိများသော ကိုရီးယား သခွားမွှေးသီးများသည် ယခုအခါ ပင်လယ်ရေကြောင်းမှတစ်ဆင့် အရှေ့တောင်အာရှဈေးကွက်များသို့ လေကြောင်းပို့ဆောင်ရေး ကုန်ကျစရိတ်များကို ကျော်လွှားကာ ရောက်ရှိလာပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုအဖွဲ့ (RDA)သည် ဗီယက်နမ်နိုင်ငံသို့ သင်္ဘောဖြင့် စတင်တင်ပို့ရာတွင် လေထုထိန်းချုပ်သိုလှောင်မှုနည်းပညာ (CA)ကို စတင်အသုံးပြုခဲ့ပြီး စင်ကာပူနိုင်ငံကဲ့သို့သော အခြားနိုင်ငံများကိုလည်း တိုးချဲ့တင်ပို့သွားရန် စီစဉ်လျက်ရှိသည်။

CA နည်းပညာသည် အသီးအနှံများ၏ အသက်ရှူနှုန်းကို နှေးစေပြီး ရင့်မှည့်မှုကို ကြန့်ကြာစေရန်အတွက် အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏကို ထိန်းညှိပေးကာ သခွားမွှေးသီးများကို သင်္ဘောဖြင့် တင်ပို့နေသည့်ကာလ (၁၀-၁၅) ရက်အထိ လတ်ဆတ်မှုကို ထိန်းထားနိုင်မည် ဖြစ်သည်။

ဤနည်းပညာသည် ကိုရီးယားသခွားမွှေးသီးများကို အနီးအနားဒေသများဖြစ်သော ဂျပန်နှင့် ဟောင်ကောင်ကဲ့သို့သော ဒေသများသို့ လေကြောင်း ကုန်စည်ပို့ဆောင်မှုမှတစ်ဆင့် အကန့်အသတ်ဖြစ်နေသော ယခင်တင်ပို့မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

RDA သည် သယ်ယူပို့ဆောင်သည့်ကာလတလျှောက် လတ်ဆတ်မှုကို ထိန်းသိမ်းရန် ကြိုတင်အအေးခံခြင်း၊ ထုတ်ပိုးခြင်းနှင့် အအေးခန်းများပါဝင်သည့် CA အခြေခံ ပို့ဆောင်မှုပုံစံကို ဖန်တီးထားပါသည်။ ဤနည်းပညာသည် ပျက်စီးမှုနှုန်းကို ၁ ရာခိုင်နှုန်းအောက်တွင် ထိန်းထားနိုင်ပြီး လေကြောင်း ပို့ဆောင်မှုထက် သယ်ယူပို့ဆောင်စရိတ် ၆၀ ရာခိုင်နှုန်း အထိ လျှော့ချပေးနိုင်ပါသည်။

မေ ၈ ရက်နေ့တွင်၊ Gyeongbuk ပြည်နယ်၊ Seongju ရှိ Wolhang စိုက်ပျိုးရေး သမဝါယမနှင့် ပူးပေါင်း၍ RDA မှ CA နည်းဖြင့် သိုလှောင်ထားသော ဖရဲသီး ၄ တန်ကို ဗီယက်နမ်နိုင်ငံသို့ ပင်လယ်ရေကြောင်းဖြင့် အောင်မြင်စွာ ပေးပို့ခဲ့သည်။ ဤပို့ဆောင်မှုသည် ခရီးဝေးဈေးကွက်များသို့ တင်ပို့ခြင်းအတွက် ကဏ္ဍသစ်တစ်ခုဖြစ်ပြီး ကိုရီးယားသစ်သီးတင်ပို့မှုအတွက် ကမ္ဘာလုံးဆိုင်ရာ နည်းပညာအပြောင်းအလဲကို ကိုယ်စားပြုပါသည်။

RDA သည် CA နည်းပညာ အသုံးပြုပြီး ဖရဲသီးတန်ချိန် ၄၀ ခန့်အား အရှေ့တောင်အာရှသို့ ပင်လယ်ရေကြောင်းတင်ပို့မှု ၁၀ ခုဖြင့် ဇူလိုင်တွင် အကောင်အထည်ဖော်ရန် စီစဉ်ထားပြီး ကိုရီးယားနိုင်ငံ၏ စုစုပေါင်း ဖရဲသီးတင်ပို့မှု၏ ၁၃ ရာခိုင်နှုန်း ဖြစ်သည်။

National Institute of Horticultural and Herbal Science မှ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုဌာန ဒါရိုက်တာ Lim Jong-kook က "ပင်လယ်ရေကြောင်းပို့ဆောင်မှုမှတစ်ဆင့် သယ်ယူပို့ဆောင်ရေး စရိတ်စကများကို ဖြေလျှော့ပေးပြီး အဆင့်မြင့်သိုလှောင်မှုနည်းပညာဖြင့် အရည်အသွေးထိန်းသိမ်းခြင်းဖြင့် ကိုရီးယားသစ်သီးများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ ဈေးကွက်အမျိုးမျိုးကို ပံ့ပိုးပေးပြီး လယ်ယာကဏ္ဍဝင်ငွေကို မြှင့်တင်ပေးနိုင်သည့် ရေရှည်တည်တံ့သော ပို့ကုန်တစ်ခုအဖြစ် တင်ပို့နိုင်ရန် စီစဉ်ထားရှိကြောင်း" သိရှိရသည်။

**လင်းလဲ့ရည်အောင်**

https://www.freshplaza.com/asia/article/9733612/korean-chamoe-melons-reach-vietnam-by-sea-with-ca-tech/

စာ-၈ မှ

သည် နှလုံးကို ထောက်ပံ့ကူညီပေးပါသည်။ Selenium ဓာတ်မလုံလောက်ပါက နှလုံးရောဂါ ဖြစ်ပွားနိုင်ပါသည်။

၂။ ကင်ဆာရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ပေးခြင်း

ပုစွန်ကျားတွင် Selenium ဓာတ်အများဆုံးပါဝင်သောကြောင့် ထိုဓာတ်သည် ကင်ဆာဆဲလ်များ ကြီးထွားမှုကို တားမြစ်ပေးပါသည်။ပုစွန်တွင်ပါဝင်သော Selenium ဓာတ်ကို ခန္ဓာကိုယ်က အလွယ်တကူ စုပ်ယူနိုင်ပါသည်။ အဆုတ်ကင်ဆာကဲ့သို့သော ကင်ဆာမျိုးကို ပုစွန်ကျားစားခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

၃။ အရိုးအဆစ်သန်မာကြံ့ခိုင်အောင် ကူညီပေးခြင်း

အရိုးအဆစ်များ သန်မာစေရန်အတွက် အလိုအပ်ဆုံးဓာတ်မှာ ကယ်လ်စီယမ်ဓာတ်ပဲ ဖြစ်ပါသည်။ အကယ်၍ သင်သည် အရိုးအဆစ်များ သန်မာပြီး ကြံ့ခိုင်သောသွားများကို ပိုင်ဆိုင်ချင်သည်ဆိုလျှင်ကယ်လ်စီယမ်ဓာတ်မြောက်များစွာ လိုအပ်ပါသည်။အဆိုပါလိုအပ်သောကယ်လ်စီယမ် ဓာတ်များကို ပုစွန်ကျားထံမှ ရရှိနိုင်ပါသည်။

၄။ ကြွက်သားများ သန်မာစေခြင်း

တစ်နေ့တာလုံး သွက်လက်ဖျတ်လတ်စွာ သွားလာလှုပ်ရှားနိုင်ရန်အတွက် ကြွက်သားများသန်မာနေဖို့လိုအပ်ပါသည်။ကြွက်သားများ ဖွံ့ဖြိုးသန်မာရန်အတွက် ပရိုတင်းဓာတ်လိုအပ်ပါသည်။ ပုစွန်ကျားထဲတွင် ပရိုတင်းဓာတ် မြောက်များစွာ ပါဝင်





သောကြောင့် မိမိကြွက်သားများ သန်မာဖွံ့ဖြိုးရန်အတွက် ကူညီပေးမည် ဖြစ်ပါသည်။

၅။ ဦးနှောက်ကျန်းမာရေးအတွက် ကောင်းမွန်ခြင်း

ပုစွန်ကျားတွင် Omega-3 ဓာတ် ကြွယ်ဝစွာ ပါဝင်သဖြင့် Omega-3 ဓာတ်က ဦးနှောက်ကျန်းမာရေးနှင့် အခြားကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။

၆။ ခြေသည်း၊လက်သည်းနှင့် ဆံပင် ရှည်ရန် ကူညီပေးခြင်း

ပုစွန်ကျားသည် နွားနို့၊ကြက်ဥတို့ကဲ့သို့ ပရိုတင်းဓာတ် ကြွယ်ဝပါသည်။ပရိုတင်းဓာတ် အကြွယ်ဝဆုံးအစားအစာများထဲတွင် ပုစွန်ကျားသည် ပါဝင်ပါသည်။ပရိုတင်းဓာတ်သည် ခြေသည်း၊ လက်သည်း၊ဆံပင် ရှည်ရန်နှင့် ကြွက်သားများကြီးထွားစေရန် အရေးကြီးပါသည်။

၇။ စိတ်ဓာတ်ကျမှုကို ကာကွယ်ပေးခြင်း

ပုစွန်ကျားတွင်ပါဝင်သော Selenium ဓာတ်သည် စိတ်ဓာတ်ကျနေခြင်းကို သက်သာပျောက်ကင်းအောင် လုပ်ဆောင်ပေးနိုင်ပါသည်။ထို့ကြောင့် စိတ်ဓာတ်ကျနေလျှင် ပုစွန်များများစားပါ။

၈။ ဆီးချိုမဖြစ်ပွားအောင် ကူညီပေးနိုင်ခြင်း

ပုစွန်ကျားတွင် ပါဝင်သော အာဟာရဓာတ်တချို့သည် ဆီးချိုမဖြစ်ပွားအောင်လည်း ကူညီပေးသည်။

## ပုစွန်ကျား၏ဆိုးကျိုး

ပုစွန်ကျား၏ ကျန်းမာရေးဆိုးကျိုးများမှာ အများကြီးမရှိပေ။ ပုစွန်နှင့်မတည့်သူများ စားမိလျှင် အလားဂျစ်ဖြစ်ခြင်းမျိုး ရှိတတ်ပါသည်။ အလားဂျစ်ဖြစ်တတ်သူဆိုလျှင် ပုစွန်ကို ချင့်ချိန်စားသင့်ပါသည်။

အချုပ်အားဖြင့် ဆိုရလျှင်-

ပုစွန်မျိုးစိတ်များတွင် လူသိများပြီး ပြည်တွင်းပြည်ပဈေးကွက်တွင် ဈေးကောင်းရသောပုစွန်မှာ ပုစွန်ကျားဖြစ်ပါသည်။၎င်း၏ အရသာမှာလည်း အလွန်ချိုပြီး ပင်လယ်စာဆိုင်များတွင် မပါမဖြစ် ထိပ်တန်းမှ နေရာယူနေသော အခွံမာရေသတ္တဝါလည်းဖြစ်သည်။ထို့ပြင် ကျန်းမာရေးကောင်းကျိုးလည်း အများအပြားရရှိနိုင်သောကြောင့် စားပေးသင့်သော ပင်လယ်စာဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**



# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၈)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ် နှင့်သုတေသနများ (၄-၁)အဆက်

(ယခင်အပတ်မှအဆက်)

**ဒေါက်တာမျိုးကြွယ်**

## (ဃ) အစားအစာသိပ္ပံနှင့်နည်းပညာဘာသာရပ်(Food Science and Technology)

( G12 အောင်သည့် -၂၀၂၆- မေတွင်) သင်ကြားပေးမည့်ဘာသာရပ်များမှာ

| စဉ် | ဘွဲ့ကြိုသင်တန်းတွင် သင်ကြားမည့် ဘာသာရပ်အမည် |
|---|---|
| ၁။ | Fundamental of Food Science and Technology (အစားအစာ သိပ္ပံနှင့်နည်းပညာ အခြေခံ သဘောတရားများ) |
| ၂။ | Processing of Agricultural Crops and Value-added Products (စိုက်ပျိုးရေး ထုတ်ကုန်များ အား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်ခြင်း နည်းပညာ) |
| ၃။ | Food Safety and Quality Management (အစားအစာ ဘေးကင်း လုံခြုံမှုနှင့် အရည်အသွေး မြင့်တင်နိုင်သောနည်းလမ်းများ) |

ကျွန်တော်လေ့လာမိသော ဩစတြေးလျတက္ကသိုလ်များမှ အစားအစာသိပ္ပံ (ပထမဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့) ပေးနေပြီး သုတေသနပြုလုပ်နေသောတက္ကသိုလ်များမှာ

(က) မဲလဘုန်းတက္ကသိုလ် (University of Melbourne) အဓိကသုတေသနများ (Major Research Areas) မှာ အစားအစာဓာတုဗေဒ (Food Chemistry)၊ အစားအစာ အနုဇီဝဗေဒ (Food Microbiology)၊ စားသုံးသူကျန်းမာရေးနှင့်အာဟာရပညာ (Human Health and Nutrition)၊ အစားအစာဖြင့်နာတာရှည်ရောဂါကာကွယ်မှု (Chronic Disease Prevention)၊ ရေရှည်တည်တံ့ခိုင်မြဲသောအစားအစာထုတ်လုပ်မှုပုံစံ (Sustainable Food System)၊ အစားအစာများ အာဟာရပါဝင်မှုကို စပက်တြိုမက်ထရစ်နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခြင်း (Mineral and elemental analysis of food products, utilizing advanced spectrometry techniques)၊ အစားအစာများ လိုအပ်ချက်၊ ပျောက်ဆုံးမှုကို မဲလဘုန်းအစားအစာ ခြေရာခံခြင်း စီမံချက် (Food-print Melbourne project, aiming to strengthen the resilience of Victoria's food system against shocks and stresses) စသည်ဖြင့် သုတေသန ပြုလုပ်နေပါသည်။

(ခ) ရာအမ်အိုင်တီတက္ကသိုလ် (RMIT – Royal Melbourne Institute of Technology) အဓိကသုတေသနများ (Major Research Areas) မှာ အစားအစာလုပ်နည်းစနစ်များ (Food Quality Assurance)၊ ထုပ်ပိုးနည်းဒီဇိုင်းများ (Packaging Design)၊ အစားအစာ အရသာလုံခြုံစိတ်ချရမှု (Food Quality Assurance)၊ အစားအစာထုပ်လုပ်မှု နာနိုနည်းပညာ အသုံးချခြင်း (Application of Nanotechnology) အထူးသဖြင့် အနည်းလိုအာဟာရ များ (Micronutrients)နှင့်ပရိုဘိုင်အိုတစ်များ (Probiotics)ထည့်ခြင်း၊ဇီဝဆင်ဆာများ ဖွံ့ဖြိုးတိုးတက်မှု (Development of Biosensors) စသည့်သုတေသနများဆောင်ရွက်နေပါသည်။

(ဂ) ကွင်းစလန်တက္ကသိုလ် (University of Queensland) အဓိကသုတေသနများ (Major Research Areas) မှာ သရီးဒီအစားအစာပုံရိပ် (3D Food Printing)၊ အင်းဆက်မှ အစား အစာထုတ်ခြင်း (Development of Edible Products from Alternative Protein Sources like Insects)၊ ဖန်ရှင်ဆိုင်ရာအစားအစာထုတ်လုပ်မှု (Functional Foods) စသည့် သုတေသနများ ဆောင်ရွက်နေပါသည်။

(ဃ) လာထရုတက္ကသိုလ် (La Trobe University) အဓိကသုတေသနများ (Major Research Areas) မှာ အစားအစာနှင့်အာဟာရဓာတ် (Food and Nutrition)၊ ဇီဝသုတေသနနှင့် ဒီဂျစ်တယ်သုတေသနမှအစားအစာထုတ်ခြင်း (Industrial Collaboration through Bioinnovation Hub and Digital Innovation Hub)၊ အစား အစာနှင့်အာနင်အေ ပါဝင်ပစ္စည်းထုတ်မှု/ဆက်စပ်မှု (Establishment of BioNtech and mRNA manufacturing Plant for Food) စသည့် သုတေသနများဆောင်ရွက်နေပါသည်။

(င) ဆစ်ဒနီတက္ကသိုလ် (University of Sydney) အဓိကသုတေသနများ (Major Research Areas)မှာ အစားအစာနည်းပညာနှင့် ဇီဝနည်းပညာဆက်စပ်မှု (Food Technology and Biotechnology)၊ အစားအစာဓာတုဗေဒ (Food Chemistry)၊ အစားအစာထုတ်လုပ်မှုဒီဇိုင်း နှင့်ဖွံ့ဖြိုးတိုးတက်မှု (Food Product Design and Development) စသည့် သုတေသနများ ဆောင်ရွက် နေပါသည်။

(စ) တက်မေးနီးယားတက္ကသိုလ် (University of Tasmania) အဓိကသုတေသနများ (Major Research Areas) မှာ အအေးပိုင်းဒေသ/ရာသီဥတုအတွက်ရေရှည်တည်တံ့မည့် အစားအစာ များ ထုတ်လုပ်ခြင်း (Sustainable Food Production in Temperate Climate/ Regions)၊ အစားအစာများတွင် အာဟာရဓာတ်များပိုမိုစေခြင်း (To enhance Nutritional Value of Food Products) စသည့် သုတေသနများဆောင်ရွက်နေပါသည်။

(ဆ) နယူးဆောက်ဝေးလ်တက္ကသိုလ် (University of New South Wales) အဓိက သုတေသနများ (Major Research Areas)မှာ အစားအစာနည်းပညာနှင့် ပြုပြင် ထုတ်လုပ်ခြင်း (Food Engineering and Processing Technology)၊ အစားအစာဘေးကင်းလုံခြုံမှုနှင့် အနု ဇီဝဗေဒ (Food Safety and Food Microbiology)၊ ဖန်ရှင်အစား အစာနှင့် နူတြာကြူတီကယ် အစားအစာများ (Development of Functional Foods and Nutraceuticals) စသည့် သုတေသနများဆောင်ရွက်နေပါသည်။ စာရေးသူမိတ်ဆွေ ဒေါက်တာချိုဝင်းမော် (အငြိမ်းစား ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း)သည် ဤတက္ကသိုလ်မှ အစားအစာ အင်ဂျင်နီယာဘွဲ့ရရှိခဲ့ပါသည်။

(ဇ) နယူးကက်စတယ်တက္ကသိုလ် (University of Newcastle) အဓိကသုတေသနများ (Major Research Areas) မှာ အစားအစာနှင့်ကျန်းမာရေးဆက်စပ်မှု (Relationship between Diets and Health)၊ အစားအစာထုတ်လုပ်မှု တီထွင်ဖန်တီးမှု (Food Products Development and Innovation) စသည့် သုတေသနများ ဆောင်ရွက်နေပါသည်။

(ဈ) တောင်ကွင်းစလန်တက္ကသိုလ် (University of Southern Queensland) အဓိကသုတေသနများ (Major Research Areas) မှာ အစားအစာလုံခြုံမှုနှင့် အရည် အသွေး ဆက်စပ်မှု (Food Safety and Quality Assurance)၊ စိုက်ပျိုးမွေးမြူရေး နည်းပညာနှင့်အစား အစာထုတ်လုပ်မှု (Agricultural Biotechnology and Food Production Systems)၊ အာဟာရဓာတ်နှင့်ပြည်သူ့ ကျန်းမာရေး (Nutrition and Public Health Initiatives) စသည့် သုတေသနများ ဆောင်ရွက်နေပါသည်။

(ည) ကာတင်တက္ကသိုလ် (Curtin University) အဓိကသုတေသနများ (Major Research Areas) မှာ အစားအစာကြာရှည်ခံရန် ထိန်းသိမ်းနည်းစနစ်များ (Food Preservation Techniques)၊ အစားအစာ၏ အာဟာရဓာတ်တန်ဖိုးတက်စေခြင်း (Food Dietary Improvement) စသည့် သုတေသနများ ဆောင်ရွက်နေပါသည်။

ကျွန်တော်တို့နိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်ကျော် လူဦးရေ ၂၈ သန်းနီးပါးသာရှိသော ဩစတြေးလျနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားပေးနေသော တက္ကသိုလ်၊ အဆင့်မြင့် ပညာပေါင်း ၃၄ ကျောင်းရှိနေပါသည်။ ထိုအထဲမှ တက္ကသိုလ် ၁၀ ကျောင်းက မိမိတာဝန် အလိုက်ခွဲဝေယူ၍ အစားအစာသိပ္ပံနှင့်နည်းပညာ ပြည်တွင်း/ပြည်ပ ဘွဲ့ကြို/ ဘွဲ့လွန်သင်တန်းများ သင်ကြား/သုတေသနပြုတိုးတက်လျက်ရှိနေပါကြောင်း အတုယူ၊ အားကျနိုင်ရန် ရေးသား တင်ပြလိုက်ရပါသည်။ (ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်





# မြန်မာ့နာနတ်သီးနှင့် ဈေးကွက်အလားအလာ

မြေလတ်သူနှင့်အဖွဲ့

မြန်မာ့နာနတ်သီးများသည် အခြားနိုင်ငံ၏ နာနတ်သီးများနှင့် မတူညီဘဲ တစ်မူ ထူးခြားသော သစ်သီးမွှေးရနံ့ရှိပါသည်။ အသီး၏အရသာမှာလည်း ချိုချဉ်လတ်ဆတ်ပြီး အရည်ရွှမ်းသောကြောင့် ပြည်တွင်းနှင့်သာမက ပြည်ပရှိ စားသုံးသူများစွာကို အလွယ်တကူ ဆွဲဆောင်နိုင်သော အသီးတစ်မျိုးဖြစ်သည်။ နာနတ်သီး၏ အင်္ဂလိပ်အမည်မှာ Pineapple ဟုခေါ်တွင်ပြီး မျိုးရင်းအမည်မှာ Bromeliaceae၊ မျိုးစုအမည်မှာ Ananas နှင့် မျိုးစိတ် အမည်မှာ comosus ဖြစ်သည်။ သိပ္ပံအမည်မှာ Ananas Comosus ဖြစ်သည်။ နာနတ် သီးသည် Bromeliaceae မျိုးရင်းတွင် စီးပွားဖြစ်အရေးပါသော အသီးအနှံတစ်ခု ဖြစ်ပြီး အပူပိုင်းဒေသတွင် စိုက်ပျိုးရန်သင့်တော်သော အပင်တစ်မျိုးဖြစ်သည်။

ကမ္ဘာပေါ်တွင် နာနတ်သီးသည် ဒေသနှင့် စိုက်ပျိုးမှုပုံစံအပေါ်မူတည်၍ မျိုးပေါင်း ၁၀၀ ကျော်မှ ၂၀၀ အထိ ရှိပြီး မြန်မာနိုင်ငံတွင် အဓိက စီးပွားဖြစ်စိုက်ပျိုးသည့် နာနတ် သီးမျိုးအုပ်စု ၃ ခုရှိသည်။ ၎င်းတို့မှာ Smooth Cayenne အုပ်စု၊ Queen အုပ်စုနှင့် Red Spanish အုပ်စုတို့ဖြစ်သည်။ Smooth Cayenne အုပ်စုသည် အသီးအရွယ်အစား ၁ ဒသမ ၅ ကီလိုဂရမ်မှ ၄ ဒသမ ၅ ကီလိုဂရမ် အကြားရှိပြီး အရွယ်အစားအားဖြင့် ကြီးမားသည်။ စည်သွတ်ရန် သင့်တော်သောမျိုး ဖြစ်သည်။ အသားအဝါရောင်ရှိ၍ အရည်ရွှမ်းပြီး အရွက်၏ အဖျား ပိုင်းတွင်သာ ဆူးအနည်းငယ် ပါရှိသည်။ Queen အုပ်စုသည် လတ်လတ်ဆတ်ဆတ် စားသုံးရန် အတွက်ဖြစ်သည်။ အရွယ်အစားအားဖြင့် ၁ ဒသမ ၃၆ ကီလိုဂရမ်မှ ၂ ဒသမ ၂၅ ကီလိုဂရမ် အကြားရှိပြီး အသီးအရွယ်အစား သေးငယ်လေ့ရှိသည်။ အရွက်နားတစ်လျှောက်တွင် ဆူးများ ပါရှိသည်။ Red Spanish အုပ်စုမှာ အသားအဖြူရောင်ရှိ၍ အခြားမျိုးများထက် ပို၍အပင် သန်စွမ်းပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည်။ သက်တမ်းရှည်သောမျိုးဖြစ်ပြီး အသီးအရွယ်အစား ၁ ကီလိုဂရမ်မှ ၂ ကီလိုဂရမ်အကြားရှိပြီး အရည်အသွေးအနေဖြင့် စည်သွတ်ရန်အတွက် မသင့်တော်ပါ။

နာနတ်သီးတွင် ကယ်လိုရီ၊ ကာဗွန်ဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ဗီတာမင်စီ၊ ဗီတာမင် B6၊ ပိုတက်ဆီယမ်ဓာတ်၊ မဂ္ဂနီဆီယမ်ဓာတ်နှင့် ဘရိုမီလိန်းဓာတ် စသည်တို့ ပါဝင်သောကြောင့် ကျန်းမာရေးအတွက် အထူးသင့်တော်ကောင်းမွန်သည်။ အမျှင်ဓာတ်ကြွယ်ဝစွာ ပါရှိသောကြောင့် ဝမ်းမှန်စေသည်။ ဗီတာမင်စီကြွယ်ဝစွာ ပါဝင်သောကြောင့် ကိုယ်ခံအား စနစ်ကို မြှင့်တင်ပေးပြီး ဗီတာမင် B6 ကြွယ်ဝစွာပါဝင်သောကြောင့် ဦးနှောက်လုပ်ဆောင်မှုကို အားပေးသည်။ ပိုတက်ဆီယမ်ဓာတ်ပါဝင်တာကြောင့် သွေးပေါင်ချိန် ထိန်းညှိရာတွင် အရေးပါသည့် သွေးကြောများ၏ လုပ်ဆောင်မှုကို ကောင်းမွန်စေပြီး သွေးလည်ပတ်မှုကို ညီညွတ်စေသည်။ နာနတ်သီးတွင် ပါဝင်သည့် ဘရိုမီလိန်း (Bromelain) ဓာတ်သည် နာကျင်ရောင်ရမ်းမှုကို သက်သာစေသည်။ ကြွက်သားများ နာကျင်ခြင်း၊ အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းအတွက် အကိုက်အခဲပျောက်ဆေးများထက် ပိုမိုသက်သာစေသည့် အစွမ်းသတ္တိရှိသည်ဟု ဆေးပညာရှင်များက လေ့လာတွေ့ရှိထားသည်။ နာနတ်သီးတွင် အရိုးအားကောင်းစေသည့် မဂ္ဂနီဆီယမ်ဓာတ်ပါဝင်ခြင်းကြောင့် အရိုးနှင့် သွားများကို သန်မာစေကာ ဓာတ်တိုးဆန့်ကျင်သတ္တိရှိသော ဒြပ်ပေါင်းများ ပါဝင်သောကြောင့် နာတာရှည်နှလုံးရောဂါနှင့် ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့နည်းစေသည်။ ကိုယ်ခံအားကောင်းမွန်စေရုံသာမက ပြင်ပရောဂါများ ဝင်ရောက်လာခြင်းကို ကာကွယ်ပေး နိုင်ပါသည်။ ထို့ကြောင့် အနောက်တိုင်းစတိုင် အသားဟင်းပွဲများတွင် နာနတ်သီးနှင့် တွဲဖက်ချက်ပြုတ်လေ့ရှိသည်။

သို့သော် အချိုလွန်ကဲသော နာနတ်သီးများသည် သွေးတွင်းသကြားဓာတ်ကို မြင့်တက်စေနိုင်သောကြောင့် ဆီးချိုလူနာများအတွက် ဂရုစိုက်သင့်ပါသည်။ အမှည့်လွန်၊ ယင်နားသော နာနတ်သီးများကို အလွန်အကျွံစားသုံးရာမှ ဝမ်းပျက်ဝမ်းလျှောနှင့် ဗိုက်နာခြင်းတို့ ဖြစ်နိုင်သောကြောင့် လတ်ဆတ်၍ သန့်ရှင်းသော နာနတ်သီးများကိုသာ သင့်တင့်သော ပမာဏဖြင့် စားသုံးသင့်သည်။

နာနတ်သီးစိုက်ပျိုးရန် မြေအမျိုးအစားမှာ မြေဆီဩဇာ ထက်သန်ပြီး ရေစီမံ့ဝင်မှု ကောင်းသော သဲဆန်သောမြေ၊ နုန်းမြေနှင့် ဂဝံမြေနီများသည် နာနတ်သီးစိုက်ပျိုးရန် သင့်တော်သည်။ ရွှံ့စေးမြေနှင့် ရေဝပ်မြေများတွင် စိုက်ပျိုးရန်မသင့်တော်ပါ။ အသင့်တော်ဆုံး သော မြေချဉ်ငံဓာတ်မှာ PH ၅ ဒသမ ၅ မှ ၆ အကြား ဖြစ်သည်။ သင့်တော်သည့် ရာသီဥတုမှာ အပူပိုင်း ရာသီဥတုကို နှစ်သက်သည်။ အပူချိန် (၁၅ ဒသမ ၅ - ၃၂) ဒီဂရီစင်တီဂရိတ်တွင် အပင်ကောင်းစွာဖြစ်ထွန်းသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၄၈၈၀ ပေရှိသော ဒေသများတွင် စိုက်ပျိုးနိုင်သည်။ ပျမ်းမျှမိုးရေချိန် ၆၀ လက်မ ရရှိသော ဒေသများတွင် အကောင်းဆုံး ဖြစ်ထွန်းသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးလေ့ရှိသည့် နာနတ်သီးမျိုးအမည်များမှာ ဟသ်ာတနီဗွာန်မျိုး၊ သီပေါမျိုး၊ မြစ်ကြီးနားမျိုး၊ သထုံမျိုးနှင့် တရုတ်(တိုင်ပေ)နာနတ်မျိုး တို့ ဖြစ်သည်။

ကမ္ဘာ့နာနတ်သီးတင်ပို့မှုအများဆုံးနိုင်ငံများမှာ ကော်စတာရီကာ၊ ဖိလစ်ပိုင်၊ နယ်သာ လန်၊ ဘယ်လ်ဂျီယံ၊ အမေရိကန်၊ အီကွေဒေါ၊ ဟွန်ဒူးရပ်စ်၊ စပိန်၊ ကင်ညာနိုင်ငံ တို့ဖြစ်သည်။ ကမ္ဘာ့နာနတ်သီးဈေးကွက်သည် ရာသီဥတုဖောက်ပြန်မှုများ၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ၊ ပို့ကုန်ဦးစားပေးမှု အပြောင်းအလဲများကြောင့် ဈေးနှုန်းမြင့်တက်မှုများနှင့် ရောင်းအားကျဆင်းသည့် အခက်အခဲများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ သို့သော် ကမ္ဘာ့ နာနတ်သီးတင်ပို့မှုသည် ၂၀၂၀ ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း ၃,၆၀၅,၈၁၄ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂,၀၁၀ ဒသမ ၁ သန်းဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း ၃,၆၁၄,၆၄၄ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂,၁၂၅ ဒသမ ၉ သန်းဖြင့်လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း ၃,၄၈၆,၄၇၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂,၁၈၉ ဒသမ ၇ သန်းဖြင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း ၃,၆၉၃,၆၀၅ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂,၄၀၄ ဒသမ ၃ သန်းဖြင့်လည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန်ချိန်ပေါင်း ၅,၇၁၀,၁၇၈ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂,၇၁၄ ဒသမ ၅ သန်းဖြင့်လည်းကောင်း အသီးသီး တိုးတက်တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နာနတ်သီးကို ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အဓိက စိုက်ပျိုးလျက်ရှိပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီးတို့တွင်လည်း စိုက်ပျိုးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စိုက်ပျိုး ထုတ်လုပ်မှုအနေဖြင့် စိုက်ပျိုးသည့်ဧက ၆၉,၂၄၃ ဧက၊ ရိတ်သိမ်းဧက ၆၅,၈၃၇ ဧက၊ အထွက်နှုန်းအားဖြင့် အလုံးရေ ၂၈၀,၁၇၃,၄၂၂ လုံး ထွက်ရှိခဲ့ပါသည်။ ပြည်ပတင်ပို့မှု အနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တန်ချိန် ၁၂,၈၀၃ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၁ ဒသမ ၃၁၂၀ လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တန်ချိန် ၁၂,၈၂၈ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း ၁ ဒသမ ၄၃၃၀ လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် တန်ချိန် ၄,၃၃၇.၅၀ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း သုညဒသမ ၄၉၇၀ လည်းကောင်း တင်ပို့မှုရှိခဲ့သည်။

ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်အဖြစ် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံအပြင် ဂျပန်၊ ကိုရီးယားနိုင်ငံသို့လည်း တင်ပို့လျက်ရှိသည်။ ယခု

စာ-၁၅ သို့



# ရန်ကုန်ဈေးကွက်

**အေးသန္တာဝင်း**

၁၁-၆-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းဆန် အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၈၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အဟောင်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ပေါ်ကျွဲဆန်အဟောင်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ဧယာဆန်အသစ်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၄၀၀၀ကျပ် နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၈၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၇၅၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲအိတ်လျှင် ၆၄၀၀၀ ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်းရောင်းဝယ် လျက် ရှိကြောင်းသိရသည်။ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ရွှေဘိုပေါ်ဆန်းတစ်မျိုးသာ ဆန်တစ်အိတ်လျှင် ၅၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်လာခဲ့ပြီး ကျန်ဆန်အမျိုးအစားများမှာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ရွှေဘိုပေါ်ဆန်းမှာ ဆန်အဟောင်းလက်ကျန်နည်းခြင်းနှင့်ဆန်သစ်ထွက်ရှိမှုနည်းခြင်းတို့ကြောင့် ဈေးကွက်သို့ ကုန်အဝင်နည်းကာ ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြည်ပပို့ဆန် အမျိုးအစား များမှာလည်း ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။ ဖိလစ်ပိုင်၊ တရုတ်၊စပိန်၊ ပိုလန်၊ နယ်သာလန်စသော နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ ပုံမှန်တင်ပို့မှုရှိကြောင်း သိရသည်။ ပြင်ပရိုလက်လီဈေးကွက်များတွင်လည်း အရည်အသွေးပိုမိုကောင်းမွန်သော ဆန်များအား သတ်မှတ်ဈေးနှုန်းများထက် ပိုမိုသောဈေးနှုန်းများဖြင့်ရောင်းဝယ်လျက်ရှိသည်။ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ အကောက်ခွန်လွတ်တင်သွင်း နိုင်သော ကာလဖြစ်ခြင်း၊ ပြည်ပဝယ်လက်များမှ ဝယ်ယူမှုများခြင်း၊ စိုက်ပျိုးထွက်ရှိရာ ဒေသများ တွင် သွင်းအားစုများဈေးမြင့်ခဲ့ခြင်းနှင့် နယ်မြေတည်ငြိမ်ခြင်းတို့ကြောင့် စိုက်ဧကနှင့် အထွက်နှုန်းများ လျော့နည်းကာပြည်တွင်းလက်ကျန် နည်းလာချိန်ဖြစ်ခြင်း၊ဆက်လက်၍လည်း စိုက်ပျိုး ထုတ်လုပ်မှု နည်းလာနိုင်ဖွယ်ရှိခြင်း၊ ပင်လယ်ရေကြောင်းမှ ပုံမှန်တင်ပို့မှုရှိခြင်းတို့ကြောင့် အစေ့ ထုတ်ပြောင်းဈေးနှုန်းမှာ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၉၃၉၆၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၉၅၀၄၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်းဖြစ်သည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲနှင့် မြားနီငရုတ်ခြောက်များ ဈေးကွက်သို့ ကုန်အဝင် ပုံမှန်ရှိခြင်း၊ အအေးခန်းလှောင်စများလည်း ပုံမှန်ဝင်ရောက်မှုရှိခြင်း၊ စားသုံးသူများမှ ပုံမှန် ဝယ်ယူမှုရှိခြင်းကြောင့်လည်းကောင်း၊ ငရုတ်ခြောက်(လတ်)မှာ မြစ်ဝ(မိုးထောင်)တစ်မျိုးသာ ဈေးကွက်သို့ ကုန်အဝင်ရှိသော်လည်း ဝယ်ယူစားသုံးမှုနည်းခြင်းကြောင့်လည်းကောင်း၊ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း(ပု)နှင့်မြစ်ဝ(ပု)နှစ်မျိုးသာ ဈေးကွက်သို့ ကုန်အဝင်ရှိခြင်း၊ ကုန်အဝင် နည်းခြင်းနှင့် စားသုံးသူများမှလည်း ဝယ်လိုအားနည်းခြင်းတို့ကြောင့်လည်းကောင်း ယခင်အပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ငရုတ်ခြောက်(ရှည်၊ လတ်၊ ပွ) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၇၇၅၀-၁၁၀၀၀-၁၀၅၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၈၀၀၀-၇၅၀၀-၁၅၅၀၀ ကျပ်ဖြစ်သည်။ ကြက်သွန်နီ(ထူး၊ လတ်၊ သေး)မှာ မြင်းခြံ၊ ဆိပ်ဖြူ၊ မုံရွာ၊ရွှေဘို၊ မြစ်သား၊ တောင်သာ၊ ပခုက္ကူ၊ အောင်လံ၊ တောင်တွင်းဒေသများမှ ဈေးကွက်သို့ ကုန်အဝင်လျော့လာခြင်းကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ကြက်သွန်နီ(ထူး၊ လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၃၃၈-၁၂၀၇-၈၃၈ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၄၂၅-၁၃၂၅-၁၀၂၅ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ကြက်သွန်ဖြူ ဈေးနှုန်းများမှာ ရှမ်းကြက်သွန်ဖြူ၊ မြန်မာကြက်သွန်ဖြူနှင့်တရုတ်ကြက်သွန်ဖြူများ ဈေးကွက်အသီးသီးသို့ ကုန်အဝင်ပုံမှန်ရှိနေခြင်း၊ စားသုံးသူများမှာလည်း ပုံမှန်ဝယ်ယူမှုသာ ရှိခြင်းတို့ကြောင့် ယခင်အပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်)တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၈၅၀၀ ကျပ်ဖြစ်ပြီး ကြက်သွန်ဖြူ (ရှမ်း)တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၆၅၀၀ ကျပ်ဖြစ်သည်။ တရုတ် အာလူးနှင့် ဟဲဟိုးအာလူးများ ဈေးကွက်သို့ ကုန်အဝင်ပိုလာသော်လည်း စာသင်ကျောင်း များဖွင့်ချိန်ဖြစ်၍ ဝယ်လိုအားများခြင်း၊ အာလူးအရည်အသွေး ကောင်းမွန်ခြင်းတို့ကြောင့် ယခင်အပတ်ထက် သိသာစွာ ဈေးမြင့်လာခဲ့သည်။ အာလူး(S1၊ OK၊ A1) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၈၀၀- ၂၈၀၀-၂၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၃၀၀၀-၃၀၀၀-၂၇၀၀ ကျပ်ဖြစ်သည်။ တရုတ်အာလူး တစ်ပိဿာလျှင် ယခင် အပတ်ပျမ်းမျှဈေး နှုန်းမှာ ၃၀၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၂၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီဈေးကွက်တွင် ထုတ်လုပ်မှုများ ပြန်ကောင်းလာနိုင်သော ရာသီချိန်ဖြစ် ခြင်း၊ ဟင်းသီးဟင်းရွက်ဆီ အဓိကဝယ်လက်ဖြစ်သည့် အိန္ဒိယနိုင်ငံ၏ စားအုန်း ဆီတင်သွင်းမှုလျော့ကျခဲ့ခြင်း၊ စားအုန်းဆီလက်ကျန်ပိုများလာခြင်းကြောင့် ကြိုပွိုင့်ဈေး နှုန်းများ ကျဆင်းလာခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၉ ရက်မှ ၁၅ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကား ရည်ညွှန်းဈေးနှုန်းမှာ ၆၁၈၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းထက်တစ်ပိဿာလျှင် ၁၂၅ ကျပ်နှုန်း ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ပြင်ပရိုလက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေး နှုန်းထက်များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ (၅၀) ကျပ်သား နှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီတစ်ပိဿာ၏ ပြင်ပ ပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**

စာ-၁၃ မှ

တစ်အိတ် ယခင်အပတ် ၂၁၅၀၀၀ ကျပ်မှ ၂၂၅၀၀၀ ကျပ်၊ ပန်ဆိုင်း၊ ကြူကုတ်ဂျုံ ၂၀၀၀၀၀ ကျပ်၊ ရှမ်းဂျုံ ၂၀၅၀၀၀ ကျပ်သို့ အသီးသီးဈေးမြင့်သွားပြီး ဩစတေးလျဂျုံမှုန့်မှာ တစ်ပိဿာ ၃၇၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် မိုးပြောင်းစိုက်ချိန်ဖြစ်ခြင်း၊ ဆောင်းလက်ကျန်နည်းခြင်း၊ လှောင် သမားထုတ်ရောင်းမှုရှိခြင်း၊ ရန်ကုန်ဝယ်လက်နှင့် အစာစပ်သမားအဝယ်ရှိခြင်းတို့ကြောင့် ၃တင်းတစ်အိတ် ၈၅၀၀၀ ကျပ် မှ ၈၇၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

**ခင်မေကြည်**

AgribizNews ဝက်ဘ်ဆိုက်နှင့်e-Paper တို့တွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန်- ၀၉၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)

## ဆန်

ရန်ကုန်ပေါ်ဆန်းမှာ အရောင်းအဝယ်အေးသော်လည်း မြို့တွင်းသုံးဝယ်ယူမှုရှိခြင်း၊ အဝင်နည်းသွားခြင်းကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၂၀၀၀၀ကျပ်မှ ၁၃၀၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းမှာလည်း ရွှေဘိုဒေသတစ်ခုထဲမှ ထွက်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ကျပ်မှ ၁၄၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ မနောသုခဆန်မှာ အရောင်းအဝယ်အေးခြင်း၊ မိုးစပါးစိုက်ရန်ပြင်ဆင်ချိန်ဖြစ်ခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ငစိန်နှင့် ဧယာဆန်တို့အနက် ငစိန်ဆန်မှာ လုပ်ငန်းသမား၊ မုန့်လုပ်ငန်းသမားများ အဝယ်နည်းခြင်း၊ မိုးများ သဖြင့် အရောင်းအဝယ်အေးခြင်းကြောင့် တစ်အိတ် ၇၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ဧယာဆန်မှာ အဟောင်းလက်ကျန်နည်းခြင်းကြောင့် ပင်ရင်းဈေးမြင့်ပြီး တစ်အိတ် ၈၀၀၀၀ ကျပ်မှ ၉၀၀၀၀ကျပ်သို့ ဈေးမြင့် သွားသည်။ ရောမင်းဆန်မှာ လက်ကျန်နည်းသွားခြင်း မြို့တွင်းစားသုံးရန် ဝယ်ယူမှုရှိခြင်းကြောင့် တစ်အိတ် ၁၂၅၀၀၀ကျပ်မှ ၁၃၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်) ဈေးနှုန်းမှာ လက်ကျန်နည်းသော်လည်း ရာသီဥတုကြောင့် အရောင်းအဝယ်အေးပြီး အရည်အသွေးအကောင်း ဆုံး ၁၀၀ပိဿာ ၁၀၃၀၀၀၀ကျပ်မှ ၁၀၀၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေပဲဆီဆန်မှာလည်း ဆီစက်သမားများ အဝယ်နည်းခြင်း၊ မိုးမြေပဲစိုက်ချိန်ဖြစ်၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်းကြောင့်၊ အရည်အသွေး အကောင်းဆုံး ၁၀၀ပိဿာ ၉၉၀၀၀၀ကျပ်မှ ၉၆၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းမျိုးစုံတို့အနက် နှမ်းဖြူမှာ နွေနှမ်းဝင်ချိန်နီးခြင်း၊ မိုးများ၍ အရောင်းအဝယ်အေးခြင်း၊ အက်ဆစ် ပါဝင်မှုနည်းသော အရည်အသွေးကောင်းများ ရွေးချယ်ဝယ်ယူမှုရှိခြင်းကြောင့် နှမ်းဖြူ ၄၅ ပိဿာ ၃၄၅၀၀၀ကျပ်၊ နှမ်းညိုမှာ ဆီစက်သမားအဝယ်ပုံမှန်၊ အဝင်ပုံမှန် ရှိခြင်းကြောင့် ၄၅ ပိဿာ ၃၄၀၀၀၀ကျပ်၊ နှမ်းနက်(စမုံ)မှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ အက်ဆစ်ပါဝင်မှုနည်းခြင်း၊ အဝေးတင်ပို့ရန် ဝယ်ယူမှုရှိခြင်းကြောင့် တစ်အိတ် ၇၀၀၀၀၀ကျပ်မှ ၇၅၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် စိုက်ဧကနည်း အထွက်နည်း အဝင်နည်း ပစ္စည်းရှားခြင်း ရောဆီအတွက် ဆီစက်သမားအဝယ်ရှိခြင်းကြောင့် ၄၅ ပိဿာ ၂၈၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နေကြာဈေးနှုန်းမှာ ဆောင်းနေကြာလက်ကျန်နည်းခြင်း၊ မိုးနေကြာစိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်း ပစ္စည်းရှားခြင်းကြောင့် ၂၇ ပိဿာ ၂၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဈေးနှုန်းမှာ ဆောင်းပန်းချင်းမှာအဝင်နည်းသွားခြင်းကြောင့် တစ်ပိဿာ ၂၈၀၀ကျပ်မှ ၃၂၀၀ကျပ် သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းမှာ ရန်ကုန် ဝယ်လက် ရံဖန်ရံခါရှိခြင်းကြောင့် ကျောက်ရစ်ပဲ ၃တင်းတစ်အိတ် ၂၈၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး၊ အညာပဲများလည်း ဝင်ရောက်ပြီး တစ်အိတ် ၂၇၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲတီစိမ်း(အညာ)မှာ မိုးပဲစိုက်ရန် ပြင်ဆင်ချိန်ဖြစ်ပြီး ဆောင်းလက်ကျန်နည်းခြင်း ရန်ကုန်ဝယ်လက်မှ အရည်အသွေးကောင်းဝယ်ယူမှုရှိခြင်း၊ ပဲအရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားမှုရှိခြင်းကြောင့် အရည်အသွေးအနိမ့်ဆုံး တစ်အိတ် ၃၀၀၀၀၀ကျပ်မှ အကောင်းဆုံး ၃၈၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲစဉ်ငုံ(ဖြူ/နီ)တို့မှာ ရန်ကုန်ဝယ်လက် ရံဖန်ရံခါရှိခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ပဲစဉ်ငုံ(နီ) ၃တင်းတစ်အိတ် ၂၅၅၀၀၀ ကျပ်မှ ၂၅၈၀၀၀ကျပ်သို့လည်းကောင်း၊ ပဲစဉ်းငုံ(ဖြူ) ၂၅၃၀၀၀ကျပ်မှ ၂၅၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲပုပ်(မြန်မာ)မှာ ပဲငါးပိ၊ မုန့်လုပ်ငန်းသမားအဝယ်ရှိခြင်း၊ အထွက်နည်းအဝင်နည်းခြင်းကြောင့် ပဲပုပ်(မြန်မာ) ၃တင်းတစ်အိတ် ၄၀၈၀၀၀ကျပ်မှ ၄၂၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ပဲပုပ်(ရှမ်း)မှာ ရာသီဥတုကြောင့် အရောင်းအဝယ်အေးပြီး ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၃တင်းတစ် အိတ် ၂၉၀၀၀၀ကျပ်မှ ၂၇၈၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကုလားပဲ(ကူဖြူကြီး/လုံးဝါကြီး)တို့မှာ အဝင်ပုံမှန်ရှိခြင်း၊ လုပ်ငန်းသမား၊ ပဲခွဲစက်များအဝယ်ပုံမှန် ရှိခြင်းကြောင့်၊ ကူဖြူကြီး ၃တင်းတစ်အိတ် ၂၆၅၀၀၀ကျပ်၊ လုံးဝါကြီး ၂၄၇၀၀၀ကျပ် ခွဲခြမ်းတစ်ပိဿာ ၆၄၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲယင်းကြီးမှာ အရောင်းအဝယ်အေးခြင်းကြောင့် ၂၄၀၀၀၀ကျပ်မှ ၂၃၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး မြေတောက်ပဲမှာ အဝင်ပုံမှန်၊ အကြော်အလှော်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ စားတော်ပဲ(ကျွန်း)မှာ စားတော်ပဲ(ကနေဒါ)အဝင်နည်းခြင်းကြောင့် လက်လီသမား အဝယ်များခြင်း၊ အဝင်နည်းသဖြင့် ပစ္စည်းရှားခြင်းကြောင့် ၃တင်းတစ်အိတ် ၄၈၀၀၀၀ကျပ်မှ ၅၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲကြီး(ကြီး/သေး)တို့မှာ လုပ်ငန်းသမား၊ ပဲကြော်/လှော်သမားအဝယ်ပုံမှန်ရှိခြင်း၊ မိုးပဲစိုက်ချိန်ဖြစ်၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ ရံဖန်ရံခါ ရန်ကုန်ဝယ်လက်ရှိခြင်းကြောင့် ပဲကြီး(ကြီး) ၂၉၀၀၀၀ကျပ်မှ ၃၃၀၀၀၀ကျပ်၊ ပဲကြီး(သေး) ၂၄၀၀၀၀ကျပ်မှ ၂၇၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ထောပတ်ပဲ (ကြီး/သေး) တို့မှာ

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၁-၆-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)မှာ ဧရာဝတီတိုင်းမှ ထွက်ရှိ ပြီး ရန်ကုန်မှတစ်ဆင့် ဝင်ရောက်ပြီး တစ်ပိဿာ ၉၀၀၀ကျပ်၊ ငရုတ်ခြောက်(လတ်) တစ်ပိဿာ ၁၄၀၀၀ကျပ်၊ ဧရာဝတီတိုင်းမှ အပွတစ်ပိဿာ ၁၈၅၀၀ကျပ်ဖြင့် မြို့တွင်းသုံးဝယ်ယူမှုသာရှိသည်။ ကြက်သွန်နီဈေးနှုန်းမှာ မြစ်သားနှင့် နယ်စုံမှ ဝင်ရောက်မှု ဝင်ရောက်မှုများပြီး မြို့တွင်းသုံးသာများခြင်း၊ လမ်းပန်း ဆက်သွယ်ရေးအခြေ အနေအရ အဝေးတင်ပို့ရမှုနည်းခြင်းကြောင့် ကြီးတစ်ပိဿာ ၁၆၀၀ကျပ် မှ ၁၅၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ လတ်တစ်ပိဿာမှာ မြို့တွင်းစားသုံးမှုအတွက် အဝယ်များခြင်းကြောင့် တစ်ပိဿာ ၁၄၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး သေးတစ်ပိဿာ ၁၃၀၀ကျပ်မှ ၁၂၀၀ကျပ်သို့ ဈေးနိမ့်သွား သည်။ ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်များခြင်း၊ မြို့တွင်းစားသုံးမှုသာရှိခြင်း၊ အရည်အသွေးညံ့သွားခြင်း ကြောင့် တစ်ပိဿာ ၉၀၀၀ကျပ်မှ ၈၅၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အဝင်နည်းသွားခြင်းကြောင့် အရည်အသွေးအညံ့ဆုံးတစ်ပိဿာ ၃၀၀၀ကျပ်မှ ၅၀၀၀ကျပ်၊ အကောင်းဆုံး ၇၅၀၀ကျပ်မှ ၈၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ကြက်သွန်ဖြူ (မြန်မာ)မှာ ရွှေဘိုဘက်မှ အဝင်များခြင်း၊ သုံးမျိုးလုံးယှဉ်ပြိုင်ဝင်ရောက်ပြီး နယ်ဝေးတင်ပို့ရမှုနည်းခြင်းကြောင့် အရည်အသွေးအညံ့ဆုံးတစ်ပိဿာ ၉၀၀၀မှ ၆၀၀၀ကျပ်၊ အကောင်းဆုံး ၁၂၀၀၀ကျပ်မှ ၁၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ အာလူးဈေးနှုန်းအနေဖြင့် တရုတ်အာလူးများ အဝင်နည်း၊ အရောင်းအဝယ်ဖြစ်မှုနည်းပြီး အောင်ပန်း ဘက်မှ မြေနီအာလူးတစ်ပိဿာ ၃၅၀၀ကျပ်၊ သဲသီးဖြူ ၃၂၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ချင်း

ရာသီဥတုကြောင့် အရောင်းအဝယ်အေးပြီး ထောပတ်ပဲ(ကြီး) ၃၂၀၀၀၀ကျပ်မှ ၃၁၅၀၀၀ကျပ်၊ ထောပတ်ပဲ(သေး) ၂၈၅၀၀၀ကျပ်မှ ၂၇၀၀၀၀ကျပ်သို့ ဈေးနိမ့်သွား သည်။

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ

တပ်ကုန်းမှ မိုးထောင် ငရုတ်ရှည် တစ်ပိဿာ ၄၀၀၀ကျပ်၊ မုံရွာချောင်းဦး၊ တစ်ပိဿာ ၃၅၀၀ကျပ်၊ ငရုတ်စို(လတ်) တစ်ပိဿာ ၅၀၀၀ကျပ်ဖြင့် ငပိထောင်း၊ လက်ဖက်သမား များပုံမှန် ဝယ်ယူမှုရှိသည်။ ပြင်ဦးလွင်မှ ပြောင်းဖူး ၁၀၀ဖူးပါတစ်အိတ် ၄၀၀၀၀ကျပ်၊ ဘိုစားပဲ တစ်ပိဿာ ၅၀၀၀ကျပ်၊ ပန်းမုံလာတစ်ပွင့် ၄၀၀ကျပ်မှ ၆၀၀ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၈၀၀ကျပ် ဖြင့် စားသောက်ဆိုင်များ ပုံမှန်ဝယ်ယူမှုရှိသည်။ ဝမ်းတွင်း၊ ဆားတောင်၊ မုံရွာတို့မှ ၄ပိဿာရှိ ဖရဲသီးတစ်လုံး ၃၅၀၀ ကျပ်၊ သဲတောဝမ်းတွင်းမှ ဖရဲသခွားတစ်လုံး ၈၀၀၀ကျပ်၊ ပိုက်သခွား ၂၀၀၀မှ ၆၀၀၀ကျပ်ဖြင့် ရောင်းဝယ် နေသည်။ ရမည်းသင်းမှ စပျစ်သီးအမျိုးအစားပေါ်မူတည်၍ တစ်ပိဿာ ၇၀၀၀ကျပ်မှ ရေခဲစိမ် ၁၆၀၀၀ကျပ်၊ သင်္ဘောသီးတစ်လုံးထုပ်တစ်ထုပ် ၃၀၀၀ကျပ်၊ နှစ်လုံးထုပ် ၄၀၀၀ကျပ်ဖြင့် ရွှေကူ အထက်ပိုင်း၊ မြစ်ကြီးနား၊ လုံးခင်း၊ မူဆယ်၊ လားရှိုးနှင့် အမှာရှိသော မြို့များသို့ တင်ပို့သည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်း

ဂျုံစက်များ ပုံမှန်ဝယ် ယူမှုရှိခြင်း၊ အထွက်နည်းအဝင်နည်းခြင်းကြောင့် ငါန်ဇွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာဂျုံများ ၃တင်း

စာ-၁၂ သို့

## သဘာဝကပေး အစာနှင့်ဆေး

# မြေပစ်ပင်



ကြေးမုံငယ်

မြေပစ်ပင်ကို မြေချဉ်ပင်၊ တီကျစ်ပင်၊ မျက်ထောင့်ပင်၊ ကုလားချဉ်ပေါင်ပင်ဟု ဒေသအလိုက် အမည်နာမမျိုးစုံခေါ်ဆို တတ်ကြ၏။ ယင်း၏ အင်္ဂလိပ်အမည်မှာ Little Hogweed ဟု ခေါ်ဆိုကြသကဲ့သို့ Red root, Verdolaga နှင့် Pursley ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Portulaca oleracea Linn ဖြစ်ပြီး ကိုးနာရီပန်းနှင့် မျိုးရင်းတူသည့် Portulacaceae တွင်ပါဝင်၏။ မြေပစ်ပင်သည် မြောက်အာဖရိကဒေသမှ သဘာဝအတိုင်း စတင်ဖြစ်ထွန်းပြီး ထိုမှ တစ်ဖန် အရှေ့အလယ်ပိုင်း၊ အိန္ဒိယ၊ မလေးရှားနှင့် သြစတြေးလျနိုင်ငံတို့အထိ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ပေါက်ရောက် ဖြစ်ထွန်းလာခဲ့၏။ မြေပစ်ပင်သည် အမေရိကတိုက်သို့ ကိုလံဘတ် မရောက်မီ ကာလ အေဒီ ၁၄၃၀ ခုနှစ်ခန့်ကတည်းက ရောက်ရှိနေခဲ့ပြီး ၁၆ ရာစုနှောင်းပိုင်းဒေသများတွင် ဥရောပနိုင်ငံများသို့ ပျံ့နှံ့ပေါက်ပွားလာခဲ့ကြ၏။ အမေရိကန် ပြည်ထောင်စုတွင် မြေပစ်ပင်ကို ပြည်ပမှ ကျူးကျော်ပေါက်ရောက်လာသည့် ပေါင်းပင် exotic weed ဟု သတ်မှတ် ယူဆထားကြ၏။

မြေပစ်ပင်သည် တစ်နှစ်ခံအပင်မျိုးဖြစ်ပြီး အပင်အမြင့် ၄၀ စင်တီမီတာ (၁၆ လက်မ) ခန့်ထိ ရှင်သန်ကြီးထွား နိုင်၏။ မြေပြင်တွင်ကပ်ပေါက်တတ်သော ပင်စည်အမျိုးအစားဖြစ်ပြီး အကိုင်းအခက်များမှာ ပြောင်ချောကာ အနီရောင် သမ်းပြီး ဝေဝေဆာဆာဖြင့်ထွက်လာတတ်၏။ အရွက်များမှာလည်း ပြောင်ချောကာ ရွက်လွှဲထွက်ပြီး ရွက်နားများတွင် အနီရောင်အနားသပ်များရှိ၏။ အရွက်အစုအဝေး၏ အလယ်ပိုင်းတွင် ပန်းဖူးလေးများ ဖူးပြီး နံနက်ခင်း နေရောင်ဖြာချိန် နာရီအနည်းငယ်အတွင်း ပန်းလေးများ ပွင့်ကြ၏။ အဝါရောင်ပန်းပွင့်လေးများတွင် ပွင့်ဖတ် ၅ ခုပါဝင်ပြီး အပွင့်အလျား ၆ မီလီမီတာခန့် ရှိ၏။ မိုးရွာသွန်းမှုပေါ်မူတည်ပြီး တစ်နှစ်ပတ်လုံး ပန်းပွင့်နိုင်၏။ သေးငယ်သော အစေ့များကို အစေ့အိမ် ဖြင့် ဖုံ့စည်းထားပြီး အစေ့များ ရင့်လာသည့်အခါ အစေ့လေးများ ပွင့်ထွက်လွင့်စင်သွားတတ်၏။ မြေပစ်ပင်၏ အမြစ်မှာ ရေသောက်မြစ်အပြင် အမြစ်မွေးများစွာရှိသည့်အတွက် ရေငတ်ဒဏ်



ကိုခံနိုင်ရည်ရှိပြီး ခြောက်သွေ့ခြင်းကို ခံနိုင်ရည်ရှိသော အပင်မျိုးဖြစ်၏။

သန့်ရှင်းလတ်ဆတ်သောမြေပစ်ပင်တွင် အစာစွမ်းအင် ၂၀ ကယ်လိုရီပါဝင်ပြီး ရေဓာတ် ၉၃ ရာခိုင်နှုန်းကျော် ပါဝင်ပြီး ကာဘိုဟိုက်ဒရိတ် ၃ ရာခိုင်နှုန်း၊ ပရိုတင်း ၂ ရာခိုင်နှုန်းနှင့် အခြားသောဓာတ်များ ၂ ရာခိုင်နှုန်းတို့ပါဝင်၏။ ထို့အပြင် ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်အီးတို့အပါအဝင် သတ္တုဓာတ်များစွာလည်း ပါဝင်၏။ မြေပစ်ပင်တွင် ကျန်းမာရေးအတွက် အလွန်အထောက်အကူပြုစေသည့် အိုမီဂါသရီး ဖက်တီးအက်စစ်လည်း ကြွယ်ဝစွာပါဝင်သည့် အရင်းအမြစ်ကောင်းဖြစ်၏။

မြေပစ်ပင်တွင်ပါဝင်သည့် အာဟာရဓာတ်များနှင့် ဆေးဖက်ဝင်အာနိသင်များကြောင့် ယင်းအပင်ကို ဆေးဝါးအဖြစ်အသုံးပြုခဲ့သည့် သမိုင်းကြောင်းရှည်လျားစွာရှိခဲ့၏။ မြေပစ်ပင်တွင် ခန္ဓာကိုယ်ရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင် နိုင်စွမ်း၊ ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်စွမ်းနှင့် ဘက်တီးရီးယားပိုးများကို တိုက်ဖျက်နိုင်စွမ်းတို့ ရှိ၏။ အိုမီဂါသရီး ဖက်တီးအက်စစ် အရင်းအမြစ်ကောင်းဖြစ်သည့်အတွက် နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများ၊ အဆုတ် ရောဂါများအတွက် ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ပေးစွမ်းနိုင်၏။ ရိုးရာတိုင်းရင်းဆေးပညာရပ်အရလည်း မြေပစ်ပင်ကို အဖျားရောဂါအမျိုးမျိုး၊ ဝမ်းပျက်ဝမ်း လျောဖြစ်ခြင်းနှင့် အသားအရေကျန်းမာရေးတို့အတွက် ဆေးဝါး အဖြစ် ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြ၏။

- အိုမီဂါသရီးဖက်တီးအက်စစ် ကြွယ်ဝစွာပါဝင်သည့် မြေပစ်ပင်သည် နှလုံးရောဂါ၊ နှလုံးသွေးကြောနှင့် ဆက်စပ်ရောဂါများကို သက်သာစေနိုင်စွမ်းရှိ၏။
- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်ခြင်းကြောင့် ကိုယ်ခန္ဓာအတွက် ဆိုးကျိုးဖြစ်စေသော ရောဂါများဝင်ရောက်ခြင်းမှ ဟန့်တားပေးနိုင်စွမ်းရှိ၏။
- မြေပစ်ပင်သည် ထိခိုက်ဒဏ်ရာများကို လျင်မြန်စွာ သက်သာစေနိုင်စွမ်း (ဒဏ်ကြေနိုင်စွမ်း) ရှိသည့်အတွက် ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းများကို လျော့ကျစေနိုင်စွမ်းရှိ၏။
- မြေပစ်ပင်သည် အစာအိမ် အနာများကိုကုသရာတွင် အထောက်အကူပြုနိုင်ချေရှိသော ulcerogenic ဂုဏ်သတ္တိ များစွာပါဝင်၏။
- မြေပစ်ပင်တွင် ဆီးရွှင်ခြင်းနှင့် ဝမ်းပျော့စေခြင်းဂုဏ်သတ္တိများရှိသည့်အပြင် ဆီးလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဝမ်းချုပ်ခြင်းကို ကုသရာတွင် အထောက်အကူဖြစ်စေနိုင်၏။
- အချို့သော သုတေသနပြုချက်များအရ မြေပစ်ပင်ကို စားသုံးခြင်းကြောင့် ဆီးချိုရောဂါအမျိုးအစား ၂ ဝေဒနာရှင်များအတွက် အကျိုးပြုနိုင်ချေရှိသော သွေးတွင်းသကြားဓာတ်ပမာဏကို လျှော့ချနိုင်သည်ဟု ဆို၏။
- လေ့လာမှုများအရ မြေပစ်ပင်သည် ရာသီသွေးဆင်းခြင်း၊ သွေးလွန်ခြင်းကို ထိန်းညှိပေးနိုင်သည်ဆို၏။
- ရိုးရာတိုင်းရင်းဆေးပညာရပ်အရ မြေပစ်ပင်ကို ခေါင်းကိုက်ခြင်း၊ ဗိုက်နာခြင်းနှင့် အူလမ်းကြောင်းအတွင်းရှိ သန်ကောင်၊ တုတ်ကောင်များကို တိုက်ဖျက်ရန် ရှေးယခင်ကတည်းက ဆေးအဖြစ် အသုံးပြုခဲ့ကြသည်ဆို၏။

မြန်မာ့ဆေးကျမ်း (အရှင်နာဂသိန် ဆေးအဘိဓာန်)အရ မြေပစ်ပင်သည် ဖန်၏၊ ခါး၏၊ သည်းခြေကို ဖြစ်စေ၏၊ ဆီးဝမ်းကိုရွှင်စေ၏၊ အဖျားဟောင်းကို ပယ်တတ်၏၊ ချောင်းဆိုး၊ ပန်းနာ၊ ရင်ကြပ်၊ လေလုံးရောဂါ၊ ဆီးသွန်နာ၊ ရောင်ရမ်းခြင်းကို ကင်းဝေးစေ၏၊ လေနာရောဂါကိုနိုင်၏၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အနာပေါက်ရောဂါများကို ကင်းဝေးစေ၏။ ယင်းအရွက်စိမ်းကိုကြိတ်ပြီး မျက်စိနာနှင့် ဆင်ခြေထောက်ရောဂါများကိုလည်း ပျောက်ကင်းစေနိုင်သည်ဟု ဖော်ပြထား၏။

မြေပစ်ပင်သည် မြန်မာနိုင်ငံအနှံ့ နေရာဒေသအစုံတွင် အလေ့ကျပေါက်ရောက်သည့် အပင်မျိုး ဖြစ်သည့် အတွက် ဒေသစုံ၊ နယ်ပယ်စုံမှ အမည်နာမျိုးစုံသလို ချက်ပြုတ်နည်းစုံလင်စွာဖြင့် ပြင်ဆင်ချက်ပြုတ်စားသုံးတတ်ကြ၏။ စာရေးသူလည်း မြေပစ်ပင်ကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ဈေးဝယ်သွားစဉ် တောသည်လေးများက ထိုအရွက်ကို ဆေးဖက်ဝင်ကြောင်း မိတ်ဆက်ရောင်းချပေးသဖြင့် သိခဲ့ရပြီးနောက် အင်တာနက်တွင် ရှာဖွေဖတ်ရင်း ယင်း၏ အာဟာရတန်ဖိုးနှင့် ဆေး ဖက်ဝင်ပုံကို သိရှိခဲ့သမျှကို မျှဝေလိုက်ရခြင်းဖြစ်၏။

မြေပစ်ပင်၏ ပင်စည်၊ အရွက်နှင့် အဖူးအပွင့်တို့ကို ဟင်းသီးဟင်းရွက်အဖြစ် ရောင်းချစားသုံးတတ်ကြ၏။ အာဟာရဓာတ်ကြွယ်ဝလှသည့် မြေပစ်ပင်ကို ဥရောပနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသ၊ အာရှနိုင်ငံများနှင့် မက္ကဆီကို အပါအဝင် နိုင်ငံအတော်များများတွင် ဟင်းသီးဟင်းရွက်အဖြစ် စားသုံးတတ်ကြ၏။

- မြေပစ်ပင်၏ ပင်စည်၊ အရွက်နှင့် အဖူးအပွင့်လေးများကို ရေနွေးဖျောပြီး ငပိရည်ကျို၊ ငပိထောင်း၊ ငပိသုပ်၊ ခရမ်းချဉ်သီးထောင်း၊ ခရမ်းချဉ်သီးပန်ထွေဖျော်၊ ငရုတ်သီးထောင်း၊ ငါးပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။
- ရေနွေးဖျောပြီးသား မြေပစ်ပင်စည် အရွက်နှင့် အဖူးအပွင့်လေးများကို နှစ်သက်သလို လှီးဖြတ်ပြီးနောက် အသုပ်သုပ်စားတတ်ကြ၏။
- အချို့ကလည်း မြေပစ်ပင်ကို နှစ်သက်ရာအရွယ်ချိုးဖြတ် သန့်စင်ပြီးနောက် ဒယ်အိုးပူပူတွင် ဆီအနည်းငယ်ထည့်၊ ဓားပြားရိုက်ထားသော ကြက်သွန်ဖြူထည့် ဆီသတ်ပြီး ကြော်ချက် ချက်စားတတ်ကြသကဲ့သို့ ငပိစိမ်းစား၊ ပုစွန်ခြောက်ထောင်းလေးခပ်ကာ ဟင်းလျော်လေးလည်း ချက်စားတတ်ကြသေး၏။
- ဂရိလူမျိုးများက မြေပစ်ပင်အရွက်နှင့် ပင်စည်များကို ဒိန်ခဲ၊ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အိုရီဂါနိုးရွက်၊ သံလွင်ဆီတို့နှင့်အတူ ရောပြီး စားတတ်ကြ၏။
- မြေပစ်ပင်အရွက်မှာ ကျိချွဲချွဲဖြစ်သည့်အတွက် စွပ်ပြုတ်များ၊ ဟင်းချိုပွဲများအတွက် သင့်လျော်သည့် ဟင်းရွက် တစ်မျိုးဖြစ်စေ၏။
- အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ဘဲ၊ ဝက်၊ နွားတို့ကိုလည်းလည်း တိရစ္ဆာန်

စာ-၁၅ သို့

ကျောဖုံးမှ-

အလိုက် အုပ်စု ၃ စု ခွဲ၍ လေ့လာခဲ့ရာ ကြက်ကောင်ရေ အများဆုံး မွေးမြူသော လုပ်ငန်းများသည် ကြက်တစ်သုတ်တွင် ငွေတစ်သိန်းရင်းနှီးမြှုပ်နှံပါက ၈၁,၀၀၀ ကျပ် အကျိုးအမြတ် ရရှိသည်ကိုတွေ့ရှိရပြီး (ကုန်ကျစရိတ်နှင့် ပြန်ရချက် အချိုး=၁ ဒသမ ၈၁)၊ ကြက်ကောင်ရေ အလယ်အလတ် မွေးမြူသော လုပ်ငန်းများတွင် ငွေတစ်သိန်းရင်းနှီးမြှုပ်နှံပါက ၆၀,၀၀၀ ကျပ် အကျိုးအမြတ်ရရှိပြီး (ကုန်ကျစရိတ်နှင့် ပြန်ရချက်အချိုး=၁ ဒသမ ၆၀)၊ ကြက်ကောင်ရေ အနည်းဆုံးမွေးမြူသော မွေးမြူရေးလုပ်ငန်းတွင်မူ ငွေတစ်သိန်းရင်းနှီးမြှုပ်နှံပါက အမြတ်ငွေ ၃၉၀၀၀ ကျပ်သာ (ကုန်ကျစရိတ်နှင့် ပြန်ရချက်အချိုး=၁ ဒသမ ၃၉) ရရှိပါသည်။

သုတေသနတွေ့ရှိချက်အရ ကြက်ကောင်ရေ နည်းသော မွေးမြူရေးလုပ်ငန်းများထက် ကြက်ကောင်ရေ အများဆုံးမွေးမြူနေသော လုပ်ငန်းများသည် အကျိုးအမြတ်အများဆုံး ရရှိပြီး စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်ပါသည်။ ကြက်ကောင်ရေများသော လုပ်ငန်းများသည် ကြက်တစ်ကောင်ခြင်း၏ မွေးမြူသော ပျမ်းမျှကုန်ကျစရိတ်ကို ကျစေပြီး မွေးမြူသော ကြက်ကောင်ရေနည်းပါက ပျမ်းမျှကုန်ကျစရိတ်ကို တက်စေနိုင်သောကြောင့် စီးပွားရေးတွက်ခြေကိုက်စေရန် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူခြင်းသို့ ပြောင်းလဲစေရန် ပံ့ပိုးမှုများ လိုအပ်လျက်ရှိပါသည်။ မြန်မာ့တိုင်းရင်းကြက် မွေးမြူမည် ဆိုပါက မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူပါက အကောင်းဆုံးဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းကြက် မွေး မြူ ရေး လု ပ် င န်း တွ င် ကြက်စာအတွက် ကုန်ကျစရိတ်သည် စုစုပေါင်းကုန်ကျစရိတ်၏ ၇၀ ရာခိုင်နှုန်းခန့်ရှိရာ လယ်ယာထွက်ကုန် ဘေးထွက် ပစ္စည်းများအား ကြက်စာအဖြစ်အကျိုးရှိစွာ ပေါင်းစပ်ကျွေးမွေးခြင်းဖြင့် အစာကုန်ကျစရိတ်များ လျှော့ချနိုင်ပြီး အကျိုးအမြတ် ပိုမိုရရှိစေနိုင်ပါသည်။

နိဂုံးချုပ်ဆိုရသော် မြန်မာ့တိုင်းရင်းကြက်မွေးမြူသူတောင်သူများ အနေဖြင့် မြန်မာ့တိုင်းရင်းကြက် မွေးမြူရေး လုပ်ငန်းသည် ဈေးကွက်သေချာပြီး ဝယ်လိုအား အခိုင်အမာရှိခြင်း၊ မိမိနေအိမ်၌ပင် မိသားစုဝင်ငွေ တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်း၊ ကြက်ကောင်ရေ တိုးတက်မွေးမြူခြင်းသည် အကျိုးအမြတ်ပိုမိုရရှိစေနိုင်သော မွေးမြူရေး လုပ်ငန်းတစ်ခုဖြစ်ပါသောကြောင့် မြန်မာ့တိုင်းရင်းကြက်မွေးမြူရေးကို အိမ်တွင်းအသေးစား စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် မွေးမြူဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။

**ရန်လင်းအောင်(YAU)**

မြန်မာ့တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းများ၏ အကျိုးအမြတ်တွက်ချက်မှုများ

(ယူနစ်=ကျပ်/တစ်ကောင်)

| အကြောင်းအရာ | ကြက်ကောင်ရေ ၅၀ မှ ၇၅ ကောင်အတွင်း မွေးမြူသောခြံများ | ကြက်ကောင်ရေ ၇၆ မှ ၁၅၀ ကောင်အတွင်း မွေးမြူသောခြံများ | ကြက်ကောင်ရေ ၁၅၁ မှ ၂၆၀ ကောင်အတွင်း မွေးမြူသောခြံများ |
|---|---|---|---|
| စုစုပေါင်းပြန်ရငွေ | ၁၂,၄၈၈ | ၁၃,၀၈၃ | ၁၂,၅၉၇ |
| စုစုပေါင်းစရိတ်ရှင် | ၈,၉၆၄ | ၈,၁၇၉ | ၆,၉၇၈ |
| စုစုပေါင်းငွေသားစရိတ်ရှင် | ၆,၃၉၈ | ၆,၅၇၆ | ၅,၉၁၅ |
| စရိတ်ရှင်အပေါ် ပြန်ရချက် | ၃,၅၂၄ | ၄,၉၀၄ | ၅,၆၁၉ |
| ငွေသားစရိတ်ရှင်အပေါ် ပြန်ရချက် | ၆,၀၉၀ | ၆,၅၀၇ | ၆,၆၈၂ |
| စုစုပေါင်းပြန်ရချက် | ၃,၅၂၄ | ၄,၉၀၄ | ၅,၆၁၉ |
| ကုန်ကျစရိတ်နှင့် ပြန်ရချက်အချိုး | ၁.၃၉ | ၁.၆၀ | ၁.၈၁ |
| အရင်းကျေနိုင်သော တိုင်းရင်းကြက်အရှင်ဈေးနှုန်း (ကျပ်/ပိဿာ) | ၈,၇၈၈ | ၇,၆၄၄ | ၆,၇၁၀ |
| အရင်းကျေနိုင်သော တိုင်းရင်းကြက်တစ်ကောင် အထွက်နှုန်း (ပိဿာ/တစ်ကောင်) | ၀.၄၆ | ၀.၄၂ | ၀.၃၇ |

မှတ်ချက်။ နမူနာ မြန်မာ့တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်း (၁၀၅) ခုမှ ရရှိသော ပျမ်းမျှကိန်းဂဏန်းများဖြစ်ပါသည်။

စာ-၅ မှ

စားမှုမှာ အံ့မခန်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်လများအတွင်း ကောင်စီသည် တရုတ်ဝယ်လက်အများအပြားထံမှ စုံစမ်းမေးမြန်းမှုများကို လက်ခံရရှိခဲ့ကြောင်း Bjorgo က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် coldwater prawns စားသုံးမှုအများစုသည် နိုင်ငံအရှေ့မြောက်ပိုင်း၊ စန်းတုန်းပြည်နယ်နှင့် ပေကျင်း-တီယန်ကျင်း-ဟဲပေ ဒေသတို့သည် အဓိကဖြစ်ကြောင်း၊ coldwater prawns များသည် တရုတ်နိုင်ငံ၏ အခြားဒေသများတွင်လည်း စားသုံးမှုတိုးတက်လာနိုင်သည့် အလားအလာရှိသည်ဟု ကောင်စီက အခိုင်အမာယုံကြည်ကြောင်း ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏ e-commerce ကဏ္ဍသည် အရှိန်အဟုန်ဖြင့် ကြီးထွားလာခြင်းကြောင့် တိုက်ရိုက်ထုတ်လွှင့်မှုများနှင့် လူမှုမီဒီယာပလက်ဖောင်းများသည် coldwater prawns များ၏ ရောင်းအားကို တွန်းအားပေးရန် အထောက်အကူဖြစ်စေကြောင်း သိရှိရပါသည်။

ဈေးကွက်တစ်ခုတည်ဆောက်ရန် အမြဲတမ်းအချိန်ယူရပြီး စားသုံးသူများကို ဦးစွာအရသာ မြည်းစမ်းရန်၊ ကုန်ပစ္စည်းအသုံးပြုနည်းနှင့် စားသုံးရမည့်အချိန်တို့ကို နားလည်ရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်နိုင်ငံရှိ ကုန်စည်ပြပွဲ ၄ ခု၌ ပါဝင်ပြသခဲ့ပြီး နော်ဝေကုမ္ပဏီများကို မိတ်ဆက်ပေးခဲ့ကြောင်း၊ အနာဂတ်တွင် ပင်လယ်စာဈေးကွက်သည် အများကြီး တိုးတက်လာမည်ဟု ယုံကြည်ကြောင်း Bjorgo က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**ကောခိုင်ကျော်**

https://www.chinadaily.com.cn/a/202505/29/WS6837bf99a310a04af22c22cc.html

စာ-၁၄ မှ

အစာအဖြစ် ကျွေးမွေးတတ်ကြ၏။ ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် မြေပစ်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်း





များကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ်ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထိန်းသိမ်းရေးတို့ကို ရိုးရာယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းစေနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**

စာ-၁၁ မှ

အခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား မြန်မာနိုင်ငံမှ နာနတ်သီးကို တရုတ် နိုင်ငံသို့ တင်ပို့ရန် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်ကို ၆-၁၁-၂၀၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သလို သတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းကုမ္ပဏီများမှ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိရေး ပံ့ပိုးဆောင်ရွက်လျက် ရှိသည်။ သို့ပါ၍ တရုတ်နိုင်ငံသို့ နာနတ်သီး တင်ပို့နိုင်ရန် လုပ်ငန်းကုမ္ပဏီများနှင့် တင်ပို့သူ များအနေဖြင့်လည်း သဘောတူစာချုပ်ပါ အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ လိုအပ် ချက်များ၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာ၍ တင်ပို့ရမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ နာနတ်သီး တင်ပို့နိုင်ရန် မှတ်ပုံတင်လျှောက်ထားလာသော နာနတ်သီး စိုက်ခင်း ၂၃၄ ခုနှင့် ထုပ်ပိုးရုံ ၁၁ ခုတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ခွင့်ရရှိရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

နာနတ်သီးသည် ပြည်တွင်းစားသုံးမှုများပြီး ပြည်ပပို့ကုန်သီးနှံတစ်ခု ဖြစ်လာနိုင် ခြင်းကြောင့် စိုက်ပျိုးသူတောင်သူများအတွက် အကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်သည်။ မြန်မာ့နာနတ်သီးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုအားကောင်းလာစေရေးအတွက် ပုဂ္ဂလိကနှင့် အစိုးရဌာနများအပါအဝင် သက်ဆိုင်ရာ Stakeholders များအကြား ပူးပေါင်းဆောင်ရွက်မှု များကို မြှင့်တင်နိုင်မည်ဆိုပါက မိမိတို့မြန်မာနိုင်ငံအတွက် နာနတ်သီးနှံသည် အနာဂတ်တွင် ဈေးကွက်အလားအလာကောင်းများ ပိုင်ဆိုင်ထားသော တင်ပို့ကုန်တစ်ခုအဖြစ် ဆက်လက် ရပ်တည်နိုင်မည်မှာ အသေအချာပင် ဖြစ်သည်။

**မြေလတ်သူနှင့်အဖွဲ့**

# တိုးတက်မွေးမြူတွန်းအားပေး

# တိုင်းရင်းကြက်မွေးမြူရေး

ရန်လင်းအောင် (YAU)

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အလွန်ပင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးဟုဆိုရာတွင် သီးနှံစိုက်ပျိုးရေး၊ သားငါးမွေးမြူရေး၊ သီးနှံသစ်တောရောနှော စိုက်ပျိုးရေး စသည့်ကဏ္ဍများ ပါဝင်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍသည် ၂၀၂၃-၂၀၂၄ ခုနှစ် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) တွင် ၂၃ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်နေရာ စိုက်ပျိုးမွေးမြူရေးကို အခြေခံလုပ်ကိုင်လျက်ရှိသော ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတို့၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီးလှကြောင်း အထင်အရှားပင်ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးအမြတ်ရရှိမှုသည်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှပါသည်။

မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတွင် အဓိကမွေးမြူကြသော တိရစ္ဆာန်များမှာ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ဝက်၊ ငုံး စသည်တို့ဖြစ်ပါသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ နိုင်ငံတစ်ဝှမ်းရှိ အိမ်ထောင်စုအားလုံး၏ ၄၈ ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စု ၄ သန်း ခန့်သည် ဒေသအလိုက် မြန်မာ့တိုင်းရင်းကြက်များ မွေးမြူထားရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းအရ ကြက်ကောင်ရေစုစုပေါင်း သန်း ၈၀ ကျော် မွေးမြူထားရှိရာ မြန်မာ့တိုင်းရင်းကြက် ကောင်ရေမှာ ၄၁ သန်းကျော်၊ ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းကြက်ကောင်ရေ၏ ၅၁ ရာခိုင်နှုန်းကျော်မွေးမြူလုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ကောင်ရေအရ သော်လည်းကောင်း၊ ရာခိုင်နှုန်းအားဖြင့်သော်လည်းကောင်း မြင့်မားစွာမွေးမြူနေသော မြန်မာ့တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသနေ တောင်သူလယ်သမား အိမ်ထောင်စုများ၏ တစ်ပိုင်တစ်နိုင် သို့မဟုတ် မိရိုးဖလာ လုပ်ငန်းတစ်ခုအနေဖြင့်သာ မွေးမြူလုပ်ကိုင်နေကြကြောင်းလည်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းကြက် များကို တစ်ပိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးအဖြစ် တိုးတက်မွေးမြူသင့်ပါကြောင်း သုတေသနအခြေခံသော အချက်အလက်၊ သတင်းစကားများဖြင့် တင်ပြလိုက်ပါသည်။

ပထမဦးစွာ မြန်မာ့တိုင်းရင်းကြက်ဆိုသည်မှာ မြန်မာနိုင်ငံတစ်ဝှမ်းဒေသအသီးသီး၏ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်အခြေအနေများနှင့် သဟဇာတဖြစ်သော၊ ယဉ်ပါးပြီးဖြစ်သော မိဘဘိုးဘွားအစဉ်အဆက် မွေးမြူလာခဲ့သည့် ဒေသကြက် (ခေါ်) မြန်မာ့ တိုင်းရင်းကြက်များဟု ခေါ်ဆိုပါသည်။ ပုံတွင် ဖော်ပြထားသည့်အတိုင်း ထင်ရှားသော မြန်မာ့တိုင်းရင်းကြက်အချို့မှာ (၁)လည်ပြောင်ကြက်၊ (၂)အင်ပင်ဝကြက်၊ (၃)စစ်တကောင်းကြက်နှင့် (၄)မြန်မာတိုက်ကြက်တို့ဖြစ်ကြပါသည်။ အဆိုပါ မြန်မာ့တိုင်းရင်းကြက်တို့၏ အားသာချက်များမှာ ပြင်းထန်သော ရာသီဥတုဒဏ်၊ ရောဂါဒဏ်၊ အစာချို့တဲ့မှုဒဏ်တို့ကို ခံနိုင်ရည်ရှိခြင်း၊ မိမိဘာသာ အစာရှာဖွေစားသောက်နိုင်ခြင်း၊ မိခင်ကြက်မကြီးမှ ကိုယ်တိုင်ဝပ်၍ သားပေါက်စေနိုင်ခြင်း၊ ကြက်ငယ်များကို အရွယ်ရောက်သည့်တိုင် မိခင်ကြက်မကြီးမှ အစာရှာဖွေကျွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်း စသည်တို့ဖြစ်ပါသည်။

တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းသည် အချိန်တိုကာလအတွင်း ရင်းနှီးငွေ၊ အမြတ်ငွေတို့ပြန်လည်ရရှိနိုင်ခြင်း၊ မိမိလယ်ယာထွက်ကုန်ဘေးထွက်ပစ္စည်းများကို ကြက်စာအဖြစ် ကျွေးမွေးနိုင်ခြင်း၊ ကြက်ခြံမှထွက်ရှိသော ကြက်ချေးများကို မိမိလယ်ယာ စိုက်ခင်းများအတွက် သဘာဝမြေသြဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ခြင်း၊ မိမိကိုယ်တိုင် နေအိမ်၌ပင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးလုပ်ကိုင်နိုင်ခြင်း၊ တိုင်းရင်းကြက်သားနှင့် ကြက်ဥများသည် မွေးမြူရေးကြက်သားနှင့် ကြက်ဥတို့ထက် လူကြိုက်များပြီး ထုတ်ကုန် တန်ဖိုးပိုမိုမြင့်မားသည့်အတွက် အပိုဝင်ငွေကောင်းများ ရရှိစေနိုင်ခြင်းတို့ကြောင့် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားသည်ဟုဆိုရပေမည်။

မြန်မာ့တိုင်းရင်းကြက်များကို စီးပွားဖြစ်မွေးမြူမည်ဆိုပါက ကြက်များညအိပ်ရန်၊ လေဒဏ်မိုးဒဏ်တို့မှ ကာကွယ်ပေးရန်၊ ကြက်ဥကျင်းများ ထားရှိပေးရန်စသည့် အချက်တို့အတွက် ကြက်ခြံဆောက်လုပ်မွေးမြူရန် လိုအပ်ပါသည်။ ထိုသို့ ခြံဆောက်လုပ် မွေးမြူခြင်းဖြင့် မြွေ၊ ကြွက်၊ ကြောင်၊ ခွေးနှင့် အခြားသားရဲငှက်များ၏ ဘေးရန်မှ ကာကွယ်နိုင်ခြင်း၊ အစာလွယ်တကူကျွေး မွေးပြုစုနိုင်ခြင်း၊ ကာကွယ်ဆေး ထိရောက်စွာ ပေးနိုင်ခြင်း၊ ရောဂါကူးစက်ပြန့်နှံ့မှုကို ကာကွယ်နိုင်ခြင်းတို့အပြင် စိုက်ပျိုးရေးလုပ်ငန်းနှင့်လည်း သဟဇာတဖြစ်အောင် တွဲဖက်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အကျိုးအမြတ် များစွာ ရရှိစေသော မွေးမြူမှုနည်းစနစ်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းကြက်မွေးမြူသော လုပ်ငန်းများသည် အများအားဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူခြင်းများဖြစ်ပြီး အကျိုးအမြတ်ကို စနစ်တကျ လေ့လာခြင်းများ အားနည်းပါသည်။ ထို့ပြင် စီးပွားဖြစ်မွေးမြူသောလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုပိုမို ဆောင်ရွက်စေရန်အတွက် စီးပွားရေးတွက်ချေကိုက်မှု၊ အကျိုးအမြတ်ရရှိမှုတို့ကို စနစ်တကျလေ့လာဆောင်ရွက်မှုများသည်လည်း လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၃ ခုနှစ်၊ မေတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် ပုဗ္ဗသီရိမြို့နယ်များရှိ မြန်မာ့တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်း ၁၀၅ ခုကို စစ်တမ်းကောက်ယူ၍ မွေးမြူထားသော ကြက်ကောင်ရေအလိုက် အုပ်စု ၃ စုခွဲပြီး အကျိုးအမြတ်ပြန်ရချက်များကို နှိုင်းယှဉ်လေ့လာသော ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာန၊ ပါရဂူဘွဲ့ သုတေသနအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

နမူနာ မြန်မာ့တိုင်းရင်းကြက်မွေးမြူသူတောင်သူ ၆၅ ရာခိုင်နှုန်းကျော်သည် အသက် ၄၀ မှ ၆၀ ကြားဖြစ်ကြပြီး၊ တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်း အတွေ့အကြုံ ပျမ်းမျှ ၁၁ နှစ်ခန့် ရှိပါသည်။ ဇယားတွင် ဖော်ပြထားသည့်အတိုင်း မွေးမြူထားရှိသော ကြက်ကောင်ရေအနည်းအများ

စာ-၁၅ သို့

